# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# စီးပွားရေးသံမှူး သတင်းလွှာ

1(3/2022)

**စီးပွားရေးသံမှူးများ တာဝန်ထမ်းဆောင်သောနိုင်ငံများ**

**India**

**USA**

**Belgium**

**Japan**

**China(Hong Kong)**

**Thailand**

**Singapore**

**Korea**

**China(Beijing)**

**China(Nanning)**

**China(Kunming)**

**South Africa**

**Australia**

**Germany**

**Brazil**

**CONTACT US**

**ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ၊**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊**
**ရုံးအမှတ်(၃)၊ဥတ္တရသီရိမြို့နယ်၊**
**နေပြည်တော်**

**ဖုန်း – 0673408624**
**0673408645**

**e-mail-tirnpt2020@gmail.com**

## အိန္ဒိယနိုင်ငံ၌ ပဲတီစိမ်းအား ကန့်သတ်တင်သွင်းကုန်စည်အဖြစ် မူဝါဒပြောင်းလဲချမှတ်

အိန္ဒိယနိုင်ငံ၌ ၂၀၂၁ -၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ပဲတီစိမ်းများအား ၃၁-၃-၂၀၂၂ နေ့အထိ လွတ်လပ်စွာ တင်သွင်းခွင့်ပြုလျက် ၎င်းနေ့ရက်မတိုင်မီ တင်ပို့ရာဆိပ်ကမ်းမှ Bill of Lading ထုတ်ပေးခဲ့ပါက အိန္ဒိယဆိပ်ကမ်းများတွင် အကောက်ခွန်နှင့် ဆိပ်ကမ်း ရှင်းလင်းမှုလုပ်ငန်းများကို ၃၀-၆-၂၀၂၂ နေ့အထိ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ၂၀-၁၂-၂၀၂၁ နေ့၌ ကြေညာချက် ထုတ်ပြန်ထားခဲ့ပါသည်။ ယခုအခါ ၁၉၉၂ ခုနှစ် နိုင်ငံခြားကုန်သွယ်မှု ဖွံ့ဖြိုးရေးနှင့် ကြီးကြပ်ရေး အက်ဥပဒေအရ အပ်နှင်းထားသည့် အခွင့်အာဏာကို ကျင့်သုံးလျက် HS Code 07133190 အောက်ရှိ ပဲတီစိမ်း (Moong [Beans of the SPP Vigna Radiata (L.) Wilczek]) တင်သွင်းခွင့်အား လွတ်လပ်စွာတင်သွင်းကုန်အဖြစ်မှ ကန့်သတ်တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ်သို့ မူဝါဒ ပြင်ဆင်သတ်မှတ်ကြောင်းနှင့် ကြေညာချက်ထုတ်ပြန်ချိန်မှ လက်ငင်းအကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အမိန့်ကြော်ငြာစာအမှတ် S.O. 624(E) ကို ၁၁-၂-၂၀၂၂ နေ့တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနက ထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယအစိုးရသည် ၉-၆-၂၀၂၁ နေ့တွင် ၂၀၂၁-၂၂ သီးနှံရာသီနှစ်၌ စိုက်ပျိုးထွက်ရှိသည့် ပဲတီစိမ်းများ ရောင်းဝယ်မှုအတွက် အစိုးရက အနိမ့်ဆုံးထားရှိ ဝယ်ယူပေးမည့် အခြေခံ ရည်ညွှန်းဈေးနှုန်းကို ကုန်ချိန် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီးငွေ ၇၂၇၅/- နှုန်း သတ်မှတ်ခဲ့သည်။ သို့ရာတွင် Commodity Insights မှ ဖော်ပြသည့် ကိန်းဂဏန်းများအရ ရာဂျပ်စတန်ပြည်နယ်၌ ၁၂-၁-၂၀၂၂ နေ့တွင် ဖြစ်ပေါ်သော ပဲတီစိမ်း လက်ကားဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် အမြင့်ဆုံးဈေးနှုန်း ရူပီးငွေ ၆၉၀၀/- နှင့် အနိမ့်ဆုံးဈေးနှုန်း ရူပီးငွေ ၂၁၀၀/- ရှိကြောင်း၊ အိန္ဒိယအစိုးရက တင်သွင်းခွင့် ကန့်သတ်သည့်အမိန့်အား ထုတ်ပြန်ခဲ့ပြီးနောက် ၁၂-၂-၂၀၂၂ နေ့၌ ၎င်းပြည်နယ်တွင် ပဲတီစိမ်း လက်ကားဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် အမြင့်ဆုံးဈေးနှုန်း ရူပီးငွေ ၇၀၀၀/- နှင့် အနိမ့်ဆုံးဈေးနှုန်း ရူပီးငွေ ၅၃၀၀/- ရှိပြီး စံပျမ်းမျှဈေးနှုန်းသည် ရူပီး ၆၂၀၀/- ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဌာန၏ စာရင်းများအရ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်အတွင်း ဧပြီလမှ ဒီဇင်ဘာလအထိ ပဲတီစိမ်း (HS Code 07133190) ကုန်ချိန် ၁၅၃၅၂၃ တန်အား တင်သွင်းထား

ပြီးဖြစ်ရာ ယခင်နှစ်ကာလတူ၌ ပဲတီစိမ်းတင်သွင်းခဲ့မှု ၂၇၇၇၈ တန်နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုမှာ ၄၅၂.၆၈% ရှိပါသည်။ အဆိုပါကာလအတွင်း အိန္ဒိယ၏ ပဲတီစိမ်းတင်သွင်းမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံများမှာ မိုဇမ်ဘစ် (တန်ချိန် ၅၉၄၀၀ ကျော်)၊ တန်ဇန်နီးယား (တန်ချိန် ၃၁၆၀၀ ကျော်) နှင့် ဘရာဇီး (တန်ချိန် ၁၄၃၀၀ ကျော်) တို့ဖြစ်ကြောင်း၊ နဝမမြောက်နေရာတွင်ရှိသော မြန်မာနိုင်ငံထံမှ ပဲတီစိမ်း ကုန်ချိန် ၄၀၂၃ တန်အား တင်သွင်းထားပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ရာ ပြည်ပမှတင်သွင်းမှုပမာဏ များပြားလာသည်နှင့်အမျှ ပြည်တွင်း၌ ဈေးနှုန်းများ ကျဆင်းမှုဖြစ်ပေါ်ခဲ့ပြီး ပဲတီစိမ်းအား အခြေခံဈေးနှုန်း (MSP) အောက်၌သာ ရောင်းဝယ်မှုရှိခြင်းက အိန္ဒိယအစိုးရအတွက် ပြည်တွင်းလုပ်ငန်းရှင်များအား အကာအကွယ်ပေးနိုင်ရေး သွင်းကုန်မူဝါဒကို ပြောင်းလဲရန် စေ့ဆော်မှုဖြစ်ပေါ်စေသည်ဟု သုံးသပ်ရပါသည်။ ယခုကဲ့သို့ အိန္ဒိယအစိုးရ၏ မူဝါဒပြောင်းလဲမှုအပေါ် India Pulses and Grains Association မှ ဒုတိယဥက္ကဋ္ဌ Mr. Bimal Kothari ၏ ပြောဆိုမှုအရ အိန္ဒိယ ပဲတင်သွင်းသူများသည် ပြည်ပကုန်သွယ်ဘက်များနှင့် ပဲတီစိမ်းဝယ်ယူမှုစာချုပ်များအား ချုပ်ဆိုထားရှိပြီး အိန္ဒိယသို့ သယ်ယူပို့ဆောင်ဆဲဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ငန်းဆောင်ရွက်ဆဲ အခြေအနေ၌ရှိသော ပဲတီစိမ်းများကို တင်သွင်းခွင့်မပြုပါက အိန္ဒိယကုမ္ပဏီများအတွက် ငွေကြေးပိုင်း နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရမည်ဖြစ်သကဲ့သို့ ဈေးကွက်တွင်လည်း ကစဉ့်ကလျားဖြစ်၍ ပုံပျက်ယွင်းမှု ဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အစိုးရအနေဖြင့် ယခုထုတ်ပြန်ခဲ့သော အမိန့်အား ပြန်လည်ရုပ်သိမ်းလျက် ဘဏ္ဍာနှစ်ကုန်အထိ လွတ်လပ်စွာ တင်သွင်းခွင့်ပြုရန် ၎င်းတို့အသင်းမှ တောင်းဆိုထားကြောင်း သိရှိရပါသည်။

Source: 1. Centre restricts import of moong beans, 13–2–2022, Hindu Business Line

2. www.commodityinsightsx.com (စီးပွားရေးသံမှူး- အိန္ဒိယ)

## အိန္ဒိယနိုင်ငံ၌ ပဲနီလေးနှင့် စားအုန်းဆီအပေါ် သွင်းကုန်အခွန်လျှော့ချ

အိန္ဒိယနိုင်ငံ၌ ပြည်တွင်းစားသောက်ကုန် ဈေးနှုန်းများဖောင်းပွမှုကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ ပဲနီလေးနှင့် စားအုန်းဆီတင်သွင်းမှုအပေါ်ကောက်ခံလျက်ရှိသော အခွန်နှုန်းထားများအား လျှော့ချသည့် အမိန့်ကြော်ငြာစာများကို အိန္ဒိယအစိုးရက ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း၌ ထုတ်ပြန်ခဲ့ပါသည်။ အိန္ဒိယအခွန်ဦးစီးဌာန၏ ၁၂-၂-၂၀၂၂ နေ့ အမိန့်ကြော်ငြာစာအမှတ် 16/2022–Customs ဖြင့် ထုတ်ပြန်ချက်အရ ၁၃-၂-၂၀၂၂ နေ့မှစတင်၍ ဩစတေးလျနှင့် ကနေဒါနိုင်ငံတို့မှ တင်သွင်းလာသည့် ပဲနီလေးများအပေါ် အကောက်ခွန် သုညရာခိုင်နှုန်းဖြင့် အခွန်ကင်းလွတ်ခွင့်ပြုခဲ့ပြီး ပင်ရင်းဒေသအဖြစ် အမေရိကန်နိုင်ငံမှ ပဲနီလေး တင်သွင်းခြင်းဖြစ်ပါက ယခင်အကောက်ခွန်နှုန်း ၃၀% မှ ယခု ၂၂% သာ ပေးဆောင်ရမည်ဖြစ်သည်။ အလားတူ စားအုန်းဆီကြမ်း တင်သွင်းမှုအပေါ် စိုက်ပျိုးရေးအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု ထပ်ဆောင်းအခွန် (AIDC) ကိုလည်း လက်ရှိ ၇.၅% ကောက်ခံလျက်ရှိရာမှ ၁၃-၂-၂၀၂၂ နေ့မှစ၍ ၅% သို့ လျှော့ချမည်ဖြစ်ကြောင်း အဆိုပါ အမိန့်စာ၌ ဖော်ပြခဲ့သည်။ သို့ဖြစ်ရာ အခြားထပ်ဆောင်းအခွန်များ အပါအဝင် စားအုန်းဆီကြမ်း၏ ဆိပ်ကမ်းအရောက် CIF တန်ဖိုးအပေါ် ယခင်က အခွန်စုစုပေါင်း ၈.၂၅% ကျသင့်ရာမှ ယခု ၅.၅% သာ ပေးဆောင်ရတော့မည်ဖြစ်သည်။ ထို့အပြင် အိန္ဒိယအစိုးရသည် စားအုန်းဆီကြမ်း၊ ပဲပုတ်ဆီကြမ်းနှင့် နေကြာဆီကြမ်းတို့ တင်သွင်းမှုအပေါ် အခြေခံအကောက်ခွန်နှုန်းထားအား ၃၁-၃-၂၀၂၂ နေ့အထိ သုညရာခိုင်နှုန်းဖြင့် ကင်းလွတ်ခွင့်ပြုထား ခြင်းကို ၃၀-၉-၂၀၂၂ နေ့အထိ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း ၎င်းအမိန့်ကြော်ငြာစာ၌ ထည့်သွင်းထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ၂၀၂၁ ခုနှစ် နိုဝင်ဘာလခန့်မှစ၍ အနည်းငယ်ကျဆင်းနေခဲ့သော စားသုံးဆီဈေးနှုန်းများမှာ ပြန်လည်မြင့်တက်လာခဲ့ရာ မုံညင်းဆီဈေးနှုန်းသည် လက်ကားဈေးကွက်၌ ယခင်အမြင့်ဆုံးနှုန်းထားဖြစ်သော ၁ ကီလိုဂရမ်လျှင် ၁၇၅ ရူပီးသို့ ရောက်ရှိခဲ့သည်။ ယခုကဲ့သို့ အစိုးရ၏ အခွန်လျှော့ချပေးမှုက ပြည်တွင်းရှိ စားသုံးဆီ ပြန်လည်သန့်စင်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ၆၀% ခန့် တိုးတက်လာစေဖွယ်ရာရှိသည်။ ပြည်တွင်းဈေးကွက်၌ ပဲနီလေးဈေးနှုန်းများမှာ အစိုးရက သတ်မှတ်ထားသည့် အနိမ့်ဆုံးထားရှိ ဝယ်ယူပေးမည့် အခြေခံရည်ညွှန်း ဈေးနှုန်းဖြစ်သော ၁ ကီလိုဂရမ်လျှင် ၆၄ ရူပီးနှုန်းထက် ပိုမိုလျက် ၁ ကီလိုဂရမ်လျှင် ရူပီး ၇၀ မှ ၇၃ ရူပီး အထိ ဖြစ်ပေါ်လျက်ရှိသည်။ ပဲနီလေး အဓိကတင်ပို့သော ဩစတေးလျနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သူများအတွက် နှစ်သက်လိုလားဖွယ်ရာဖြစ်သော်လည်း ပြည်တွင်းဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ မကြာမီ ပဲနီလေးများထွက်ပေါ်လာမည့်အချိန်၌ သွင်းကုန်အပေါ် အစိုးရ၏ အခွန်နှုန်းထားလျှော့ချမှုသည် ကုန်သည်များအတွက် အံ့အားသင့်ဖွယ်ရာ ဖြစ်စေခဲ့သည်။

Source: 1. Centre cuts import duty on lentils, palm oil cess to tame food inflation, 15–2–2022, Economic Times

2. Centre reduces agri-cess for Crude Palm Oil (CPO) from 7.5% to 5% with effect from 12th February, 2022, 14-2-2022, Press Information Bureau of India (စီးပွားရေးသံမှူး- အိန္ဒိယ)

## အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၂ ခုနှစ် သီးနှံစိုက်ပျိုးထွက်ရှိနိုင်မှု ဒုတိယအကြိမ် ခန့်မှန်းချက်

အိန္ဒိယစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ ဖူလုံရေးဝန်ကြီးဌာနသည် ၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ် (ဇူလိုင်-ဇွန်) အတွက် အဓိကသီးနှံများ စိုက်ပျိုးထွက်ရှိနိုင်မည့်အခြေအနေ ဒုတိယအကြိမ် ခန့်မှန်းချက်ကို ၁၆-၂-၂၀၂၂ နေ့၌ ထုတ်ပြန်ရာတွင် တစ်နိုင်ငံလုံး၌ ယခင်နှစ်စိုက်ပျိုးထုတ်လုပ်မှုထက် တန်ချိန် ၅.၃၂ သန်း ပိုမိုလျက် ကောက်ပဲသီးနှံများ စုစုပေါင်းတန်ချိန် ၃၁၆.၀၆ သန်းခန့် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ အဆိုပါ ပမာဏသည် ၂၀၁၆-၁၇ ခုနှစ်မှ ၂၀၂၀-၂၁ ခုနှစ်အထိ ၅ နှစ်ကာလအတွင်း ကောက်ပဲသီးနှံ ပျမ်းမျှထုတ်လုပ်နိုင်မှုထက် တန်ချိန် ၂၅.၃၅ သန်း ပိုမိုမည်ဖြစ်ပါသည်။ ယခုနှစ် မိုးသီးနှံရာသီ စိုက်ပျိုးထုတ်လုပ်မှုမှ ကောက်ပဲသီးနှံ တန်ချိန် ၁၅၃.၅၄ သန်းနှင့် ဆောင်းသီးနှံစိုက်ပျိုးမှုမှ တန်ချိန် ၁၆၂.၅၃ သန်း ထွက်ရှိမည်ဟု အိန္ဒိယအစိုးရက ခန့်မှန်းထားရှိသည်။ သို့ဖြစ်ရာ ၂၀၂၀-၂၁ ခုနှစ် ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက မိုးသီးနှံတွင် ၂% ခန့်နှင့် ဆောင်းသီးနှံ၌ ၁.၅% ခန့် တိုးတက်မှုရှိပြီး စုစုပေါင်းထုတ်လုပ်မှုတွင် ၁.၇% တိုးတက်မှုရရှိမည်ဖြစ်သည်။

၂၀၂၁-၂၂ ခုနှစ် ဆန်စပါးထုတ်လုပ်မှု ခန့်မှန်းချက်မှာ တန်ချိန် ၁၂၇.၉၃ သန်းဖြစ်ရာ ယခင်နှစ်ထက် ၃.၅၆ သန်း ပိုမိုမည်ဖြစ်ပြီး လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း ပျမ်းမျှ ဆန်စပါး ထုတ်လုပ်နိုင်မှုထက် တန်ချိန် ၁၁.၄၉ သန်း ပိုမိုကြောင်း တွေ့ရှိရသည်။ အလားတူ ဂျုံစိုက်ပျိုးထုတ်လုပ်မှုကို ယခင်နှစ်ထက် တန်ချိန် ၁.၇၃ သန်း ပိုမိုလျက် အထွက်တန်ချိန်ပေါင်း ၁၁၁.၃၂ သန်း ရရှိရန် အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။ ယခင် ၅ နှစ်ကာလ ပျမ်းမျှ ဂျုံစိုက်ပျိုးထွက်ရှိမှုမှာ တန်ချိန် ၁၀၃.၈၈ သန်း ဖြစ်ရာ ယခုခန့်မှန်းချက်မှာ တန်ချိန် ၇.၄၄ သန်း ပိုမိုတိုးတက်မည်ဖြစ်သည်။ အခြားနံစားသီးနှံများအား တန်ချိန် ၄၉.၈၆ သန်း ထွက်ရှိနိုင်ကြောင်း ခန့်မှန်းထားရာ ယခင်နှစ်ထုတ်လုပ်မှုအောက် တန်ချိန် ၁.၄၆ သန်းခန့် လျော့နည်းမည်ဖြစ်သော်လည်း ၅ နှစ်အတွင်း ပျမ်းမျှထုတ်လုပ်မှုထက် တန်ချိန် ၃.၂၈ သန်း ပိုမိုနေဦးမည်ဖြစ်သည်။ ၂၀၂၁-၂၂ ခုနှစ်အတွက် ပဲမျိုးစုံထွက်ရှိနိုင်မှုအား ယခင်နှစ်ထုတ်လုပ်မှုထက် တန်ချိန် ၁.၅ သန်း ပိုမိုလျက် စုစုပေါင်းတန်ချိန် ၂၆.၉၆ သန်းအထိ ထွက်ရှိမည်ဟု အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ဖော်ပြထားသည်။ သို့ဖြစ်ရာ ၅ နှစ်အတွင်း ပျမ်းမျှစိုက်ပျိုးထုတ်လုပ်မှုထက် ပဲမျိုးစုံ တန်ချိန် ၃.၁၄ သန်း ပိုမိုတိုးတက်မှုရရှိမည်ဟု မျှော်မှန်းထားခြင်းဖြစ်သည်။ ပဲစင်းငုံအား ယခင်နှစ် စိုက်ပျိုးထုတ်လုပ်မှုအောက် တန်ချိန် ဝ.၃၂ သန်း လျော့နည်းလျက် ယခုနှစ်တွင် တန်ချိန် ၄ သန်း ထွက်ရှိမည်ဟု အိန္ဒိယအစိုးရက ခန့်မှန်းထားသည်။ မိုးနှင့်ဆောင်း ရာသီနှစ်ခုလုံးတွင် စိုက်ပျိုးလေ့ရှိသော မတ်ပဲနှင့် ပဲတီစိမ်းတို့ကို ၂၀၂၀-၂၁ ခုနှစ်၌ ထုတ်လုပ်မှုထက် တန်ချိန် ဝ.၄၃ သန်းနှင့် ဝ.ဝ၃ သန်း အသီးသီး ပိုမိုလျက် ယခု ၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ်တွင် တန်ချိန် ၂.၆၆ သန်းနှင့် ၃.၀၆ သန်း ထွက်ရှိရန် ခန့်မှန်းထားသည်။

ဆောင်းသီးနှံအဖြစ်သာ စိုက်ပျိုးသည့် ကုလားပဲကို တန်ချိန် ၁၃.၁၂ သန်း ထွက်ရှိရန် ခန့်မှန်းထားရာ ယခင်နှစ်ကထက် တန်ချိန် ၁.၂၁ သန်း ပိုမိုမည်ဖြစ်သည်။ ထို့အတူ ပဲနီလေးကိုလည်း ယခင်နှစ်ထက် တန်ချိန် ဝ.ဝ၉ သန်း ပိုမိုလျက် ယခုနှစ်၌ တန်ချိန် ၁.၅၈ သန်းထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း တွေ့ရှိရသည်။ ဆီထွက်သီးနှံ ၉ မျိုး စိုက်ပျိုးထုတ်လုပ်မှုအား ယခင်နှစ်ထက် တန်ချိန် ၁.၂ သန်းပိုမို၍ ၂၀၂၁-၂၂ ခုနှစ်၌ အထွက်ပမာဏ တန်ချိန် ၃၇.၁၅ သန်း ရရှိနိုင်ကြောင်း၊ ကြံစိုက်ပျိုးမှုမှာလည်း ယခင်နှစ်ထက် တန်ချိန် ၈.၆၄ သန်းပိုမိုပြီး စုစုပေါင်းတန်ချိန် ၄၁၄.၀၄ သန်းအထိ ထွက်ရှိနိုင်ကြောင်း၊ သို့ရာတွင် ဝါဂွမ်းထုတ်လုပ်မှုမှာ ၁၇၀ ကီလိုဂရမ်ဝင် ဘေထုပ်ပေါင်း ၃၄.၀၆ သန်းခန့် ထွက်ရှိပြီး ၂၀၂၀-၂၁ ခုနှစ် ထုတ်လုပ်မှုပမာဏအောက် ဘေထုပ် ၁.၁၈ သန်းခန့် လျော့နည်းဖွယ်ရှိကြောင်း၊ ဂုန်လျှော်စိုက်ပျိုးမှုမှာ ယခင်နှစ်ကထက် ၁၈၀ ကီလိုဂရမ်ဝင် ဘေထုပ် ဝ.၂၁ သန်း ပိုမိုလျက် ယခုနှစ်၌ ဘေထုပ် ၉.၅၇ သန်းခန့် ထုတ်လုပ်နိုင်ဖွယ်ရှိကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ဖော်ပြပါသည်။

Source: Second Advance Estimates of Production of Major Crops for 2021-22 Released, 16-2-2022, Press Information Bureau of India (စီးပွားရေးသံမှူး- အိန္ဒိယ)

## ထိုင်းအစိုးရမှ စားအုန်းဆီ အာမခံအစီအစဉ်အတွက် ထောက်ပံ့မှုအတည်ပြု

၂၀၂၁/၂၀၂၂ရာသီအတွက် နိုင်ငံတော်မှ ကမကထပြုသော ဆီအုန်းစျေးနှုန်း အာမခံအစီအစဉ်အတွက် ဘတ်ငွေ (၇.၆၆) ဘီလီယံကို အစိုးရအဖွဲ့မှ (၂၂.၂.၂၀၂၂) ရက်နေ့တွင်

အတည်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။ အစိုးရ၏ဒုတိယ ပြောရေးဆိုခွင့်ရှိသူ Rachada Dhnadirek က အဆိုပါ အစီအစဉ်ဖြင့် လယ်သမားများအတွက် ဝင်ငွေပိုမိုရရှိစေရေး ဆက်လက်၍ လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ လတ်ဆပ်သော ဆီအုန်းစေ့များအတွက် အာမခံဈေးနှုန်းကို တစ်ကီလိုဂရမ်လျှင် (၄) ဘတ်နှုန်းဖြင့် သတ်မှတ်ခဲ့ကြောင်း၊တစ်အိမ်ထောင်လျှင် မြေဧက (၂၅) ရိုင် (Rai) အထိ သတ်မှတ်ခဲ့ကြောင်း၊ အဆိုပါ အစီအစဉ်သည် ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ၂၀၂၂ ခုနှစ် ဩဂုတ်လအထိဖြစ်ပြီး စိုက်ပျိုးသူ တောင်သူ (၃၈၀,၀၀၀) အတွက် အကျိုးရှိစေလိမ့်မည်ဖြစ်ကြောင်းသိရှိရပါသည်။ အဆိုပါ အစီအစဉ်အတွက် အကျိုးဝင်စေရန် စိုက်ပျိုးသူများအနေဖြင့် စိုက်ပျိုးရေးတိုးချဲ့မှုဌာနတွင် မှတ်ပုံတင်ရန်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာစိုက်ပျိုးရေး သမဝါယမဘဏ်တွင် စာရင်းဖွင့်လှစ်ရန်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်အရ လယ်သမားများအား သတ်မှတ်စံနှုန်းဈေးအောက်သို့ ကျဆင်းသွားပါက ကွာခြားချက်ကိုပေးချေမည်ဖြစ်ကြောင်းသိရှိရပါသည်။

လတ်ဆပ်သော ဆီအုန်းစေ့ဈေးနှုန်းမှာ အာမခံချက်ထက်များစွာမြင့်မားနေကြောင်း၊ တစ်ကီလိုဂရမ်လျှင်ပျမ်းမျှအားဖြင့် ဘတ်ငွေ(၆.၉၀)ခန့်ရှိနေသဖြင့် အဆိုပါအစီအစဉ်ကို မစဖြစ်သေးကြောင်း၊ စားသုံးမှုမြင့်မားလာမှုနှင့် ဇီဝဒီဇယ်ဆီထုတ်လုပ်ရန် လိုအပ်ချက်မြင့်မားလာခြင်းကြောင့်ဖြစ်ကြောင်း သူမကပြောကြားခဲ့ပါသည်။ အခြားဆက်စပ်တိုးတက်မှုအဖြစ် အစိုးရအဖွဲ့မှ ရော်ဘာလုပ်ငန်းရှင်များအား (၃%) အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးရန် ဘတ်ငွေသန်း(၆၀၀)အားအတည်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ ထောက်ပံ့ကြေး အစီအစဉ်အရ ရော်ဘာခြောက်လုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးသူများနှင့် ရော်ဘာလုပ်ငန်းသမဝါယမများထံမှ သဘာဝရော်ဘာများကို ဆွဲဆောင်ဝယ်ယူနိုင်ရန်ဖြစ်ကြောင်း သိရှိရပါသည်။ အစိုးရအနေဖြင့် ရော်ဘာလုပ်ငန်းရှင်များအား ယခုနှစ် ရော်ဘာရာသီတွင် သဘာဝရော်ဘာတန်ချိန်(၃၅၀,၀၀၀) ဝယ်ယူစေလိုကြောင်း၊ အစိုးရအဖွဲ့မှ ရော်ဘာသစ်နှင့် ရော်ဘာလုပ်ငန်းရှင်များအား လုပ်ငန်းများချဲ့ထွင်ရန်နှင့် စက်ကရိယာများဖြင့် အဆင့်မြှင့်တင်စေလိုကြောင်း၊ ဝင်ငွေ အာမခံချက် အစီအစဉ်သည် ဆန်၊ ပီလောပီနံ၊ ရော်ဘာ၊ ဆီအုန်းနှင့်ပြောင်းစိုက် ပျိုးသူများအား ကပ်ရောဂါကြောင့် ဖြစ်ပေါ်နေသော စီးပွားရေး အခက်အခဲများကို ကျော်လွှားနိုင်စေရန်အတွက် အရေးကြီးသော ကရိယာတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

https://www.bangkokpost.com/busi ness/2268435/oil-palm-subsidy-approved#:~:text=The%20cabinet%20on%20Tuesday%20approved,continued%20to%20ensure%20farmers'%20income. (စီးပွားရေးသံမှူး- ထိုင်း)

## တရုတ်နိုင်ငံ၏ ကပ်ရောဂါမူဝါဒကြောင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုအား ပိုမိုခြိမ်းခြောက်လျက်ရှိ


ယနေ့ကမ္ဘာတွင် အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ် ပြန့်နှံ့ကူးစက်နေချိန်တွင် အမေရိကန်နှင့် ဥရောပနိုင်ငံများက ဗိုင်းရပ်စ်နှင့် အတူယှဉ်တွဲနေထိုင်ရေးကို လေ့လာကျင့်သုံးလျက်ရှိကြသော်လည်း တရုတ်နိုင်ငံ၏ ဗိုင်းရပ်စ်လုံးဝကင်းစင်ရေးဗျူဟာ (“zero-Covid strategy”) ကြောင့် ကမ္ဘာ့ထောက်ပံ့မှုကွင်းဆက်အား ထိခိုက်နေကြရသည့် သတင်းအား ၁၄-၂-၂၀၂၂ ရက်နေ့ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။ စီးပွားရေး ပြန်လည်အခြေချလာသည့်နေရာတိုင်းတွင်းလိုလိုတွင် အိုမီခရွန်ဗိုင်းရပ်စ် ပြန့်နှံ့မှု မြင့်မားလာသဖြင့် လုပ်သားများ ဆေးကုသမှုခံယူနေရပြီး Quarantine နေကြရသည့်အတွက် စီးပွားရေးလုပ်ငန်းများ ထိခိုက်၊ နစ်နာမှုမြင့်မားလျက်ရှိကြောင်း၊ သို့သော် အိုမီခရွန်သည် ယခင်ကိုဗစ်မျိုးကွဲများထက် ရောဂါခံစားမှု ပျော့သည့်အတွက် ဥရောပနိုင်ငံများတွင် ဗိုင်းရပ်စ် ပြန့်နှံ့သည့်နေရာများတွင်လည်း ကန့်သတ်မှုများ ဖယ်ရှားခဲ့ကြောင်း၊ အမေရိကန်နိုင်ငံတွင်လည်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလထက် ဗိုင်းရပ်စ်ကူးစပ်သူ နှစ်ဆ ကူးစက်ခံရသဖြင့် အလုပ်မလုပ်နိုင်ကြသော်လည်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် အလုပ်အကိုင်တိုးတက်မှုမြင့်တက်ခဲ့ကြောင်း ဖော်ပြထားပါသည်။၂၀၂၂ ခုနှစ်၊ နှစ်စတွင် အမေရိကန်နှင့် ဥရောပတွင် စီးပွားရေးတိုးတက်မှု နှေးကွေးသည်ဟု စီးပွားရေးစစ်တမ်းများနှင့် သုတေသနအချက်အလက်များက ဖော်ပြနေသော်လည်း စီးပွားရေးပညာရှင်များက အိုမီခရွန်ကြောင့် ထိခိုက်မှုသည် ယခင်ဗိုင်းရပ်စ်မျိုးကွဲများကြောင့် ထိခိုက်မှုထက် လျော့နည်းနိုင်သည်ဟု မျှော်လင့်ကြကြောင်း၊ ဗိုင်းရပ်စ်ကြောင့် ထိခိုက်မှုအန္တရာယ်ရှိနေသေးသည်ဟု သတိပေးထားကြသော်လည်း အမေရိကန်နှင့် ဥရောပတွင် ကန့်သတ်ချက်များ ဖယ်ရှားလိုက်ခြင်းသည် ဗိုင်းရပ်စ်နှင့် အတူယှဉ်တွဲနေထိုင်ရန် ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း၊ သို့သော် တရုတ်နိုင်ငံတွင် ကိုဗစ်လုံးဝကင်းစင်ရေး ဗျူဟာ (“zero-Covid” strat-egy) ကို ဆက်လက်ကျင့်သုံးလျက်ရှိပြီး ဗိုင်းရပ်စ်ကူးစက်ပြန့်နှံ့သည့် နေရာများအား ကပ်ရောဂါကန့်သတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်ထုတ်လုပ်သည့် စက်ရုံများအတွက် စက်မှုကုန်ကြမ်းများကို အဓိက ထုတ်လုပ်ဖြန့်ဖြူးသည့် နိုင်ငံဖြစ်သည့်အတွက် ကပ်ရောဂါ ကန့်သတ်မှုများ

ဆောင်ရွက်ခြင်းသည် အနောက်နိုင်ငံများ၏ တိုးတက်မှုကို နှေးကွေးစေပြီး ငွေဖောင်းပွမှုကို မြင့်မားစေကြောင်း၊ ကပ်ရောဂါကန့်သတ်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းသည် တရုတ်စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်သော်လည်း ကမ္ဘာ့ရောင်းလိုအားကွင်းဆက်ကို ထိခိုက်စေကာ ကမ္ဘာ့စီးပွားရေးကို နောက်ကြောင်းပြန်စေပြီး ကမ္ဘာ့ငွေကြေးဖောင်းပွမှုကို မြင့်မားစေကြောင်း ဖော်ပြထားပါသည်။ ၂၀၂၁ ခုနှစ်တွင် ထောက်ပံ့ပို့ဆောင်ရေးအကြပ်အတည်းကြောင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ဝ.၅ မှ ၁ ရာခိုင်နှုန်းပွိုင့်ထိ ထိခိုက်ကျဆင်းခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ - IMF မှ ခန့်မှန်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ၆.၉ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားခဲ့သော်လည်း အမှန်တွင် ၅.၉ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဇွန်လမှ ဩဂုတ်လထိ တရုတ်နိုင်ငံမှ စက်မှုကုန်ကြမ်း အမေရိကန်ဒေါ်လာ ၃၅၄ ဘီလီယံဖိုးတင်ပို့ခဲ့ပြီး အမေရိကန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံဖိုး တင်ပို့ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံမှ စက်မှုကုန်ကြမ်း အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်ပြီး တောင်ကိုရီးယား၊ ဂျပန်၊ ဂျာမဏီ နှင့် အိန္ဒိယနိုင်ငံတို့မှလည်း ပမာဏများစွာ တင်သွင်းလျက်ရှိသည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ထုတ်ပြန်ခဲ့ကြောင်း ဖော်ပြထားပါသည်။ တရုတ်နိုင်ငံသည် ယခုချိန်ခါတွင် "zero-Covid" strategy ကို ပယ်ဖျက်လိုက်ပါက ၎င်းအနေနှင့် ကပ်ရောဂါကြောင့် သေဆုံးမှုများ၊ ထိခိုက်မှုများ ကြုံရနိုင်ဖွယ်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ လူဦးရေ ၈၆ ရာခိုင်နှုန်းခန့်သည် Sinopharm နှင့် Sinovac ကာကွယ်ဆေးထိုးပြီးဖြစ်သော်လည်း အဆိုပါ ကာကွယ်ဆေးများသည် Moderna နှင့် Pfizer ကာကွယ်ဆေးများလောက် အိုမီခရွန်ဗိုင်းရပ်စ်ကို ကာကွယ်နိုင်မှုမရှိသောကြောင့် ထိခိုက်မှုကြီးမားနိုင်ကြောင်းလည်းဖော်ပြထားပါသည်။ အမေရိကန်နှင့် ဥရောပနိုင်ငံများတွင် ဗိုင်းရပ်စ်နှင့် အတူယှဉ်တွဲနေထိုင်ရေးကို ကျင့်သုံးကာ ကာကွယ်ဆေးထိုးနှံမှုများ တိုးမြှင့်ဆောင်ရွက်ပြီး ကပ်ရောဂါကန့်သတ်မှုများ ပယ်ဖျက်ခဲ့ကြကြောင်း၊ တရုတ်တာဝန်ရှိသူများအနေနှင့်လည်း ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် "zero-Covid" မူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်မှုကို အတိုး/အလျှော့လုပ်ကာ "zero-Covid" မူဝါဒကို စီမံဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်သည်ဟု Barclays Bank မှ စီးပွားရေးပညာရှင်များက ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

Source: https://www.wsj.com/articles/omicrons-threat-to-global-economy-increasingly-runs-through-china-11644764401 (စီးပွားရေးသံမှူး-အမေရိကန်)

## တရုတ်နိုင်ငံသည် အပြီးသတ်ကုန်ချောထုတ်လုပ်မှုဆောင်ရွက်သည့် တတိယအဆင့်လုပ်ငန်းများ (Tertiary industry)




အပြီးသတ်ကုန်ချော ထုတ်လုပ်မှုဆောင်ရွက်သည့် တတိယအဆင့်လုပ်ငန်းများအနေဖြင့် ကွမ်တုန်းပြည်နယ်ရှိ လုပ်ငန်းများမှ တန်ဖိုးဖြည့်ထုတ်လုပ်မှုမှာ ယွမ်ငွေ (၆.၉၁) ထရီလီယံ (အမေရိကန်ဒေါ်လာ ၁.၀၇ ထရီလီယံ) ခန့်ရှိခဲ့ပြီး ဦးဆောင်နေသည့် ပြည်နယ်ဖြစ်ပါသည်။ ကွမ်တုန်းပြည်နယ်ပြီးနောက် ကျင်းစုပြည်နယ်ရှိ လုပ်ငန်းများမှ ထုတ်လုပ်မှုမှာလည်း ယွမ်ငွေ (၅.၉၉) ထရီလီယံခန့် ရှိပါသည်။ အခြားပြည်နယ်များမှ တန်ဖိုးဖြည့်ထုတ်လုပ်သည့် တတိယအဆင့်လုပ်ငန်းများ၏ ပထမဆုံးအကြိမ် အများဆုံးရောက်ရှိခဲ့သည့် ပမာဏများမှာ ရှန်တုန်းနှင့် ကျဲ့ကျန်းပြည်နယ်များမှ ယွမ်ငွေ (၄) ထရီလီယံကျော်၊ ရှန်ဟိုင်းမှ ယွမ်ငွေ (၃) ထရီလီယံကျော်၊ အန်းဝေပြည်နယ်မှ ယွမ်ငွေ (၂) ထရီလီယံကျော်၊ ရှန်ရှီးမှ ယွမ်ငွေ (၁) ထရီလီယံကျော် အသီးသီးဖြစ်ကြ ပါသည်။၂၀၂၁ ခုနှစ်အတွင်း တတိယအဆင့်လုပ်ငန်းများ၏ ဖွံ့ဖြိုးမှုနှုန်းများအနေဖြင့် ဟိုင်နန်တွင် (၁၅.၃) ရာခိုင်နှုန်း၊ ဟူပေတွင် (၁၂.၆) ရာခိုင်နှုန်းနှင့် ကျင်းရှီး၊ ရှန်တုန်းနှင့် ချုံချင်းတို့တွင် (၉)ရာခိုင်နှုန်းကျော်စီ ရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း တတိယအဆင့်လုပ်ငန်းများမှ တန်ဖိုးဖြည့်ထုတ်လုပ်မှု အများဆုံးပြည်နယ် (၅) ပြည်နယ်ကိုပုံပြဂရပ်ဖ်တွင် တွေ့နိုင်ပါသည်။

Source-China Briefing (စီးပွားရေးသံမှူး- နန်နင်း)


## တရုတ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုများအတွက် ပံ့ပိုးကူညီပေးရန် တရုတ်ဝန်ကြီးချုပ် အလေးအနက်ပြောကြား

ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ နှစ်စဉ်ကောက်ပဲသီးနှံထွက်ရှိမှုကို ကီလိုဂရမ် (၆၅၀) ဘီလီယံထက် ကျော်လွန်စေရန် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုများ

အတွက် ပိုမို၍ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မစ္စတာလီခကျင်းက ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် ရှန်တုန်း ပြည်နယ်၌ ကျင်းပခဲ့သည့် နွေဦးရာသီ လယ်ယာစိုက်ပျိုးရေး ဆိုင်ရာထုတ်လုပ်မှု အမျိုးသားအဆင့်ညီလာခံ၌ အလေးအနက် ပြောကြားခဲ့ပါသည်။ လက်ရှိအချိန်တွင် ဂျုံပျိုးပင်ပေါက်များ ဖွံ့ဖြိုးမှုမှာ အားနည်းနေသေးကြောင်း၊ အပင်ရောဂါများ၊ ပိုး မွှားကျရောက်မှုများနှင့် ရာသီဥတုဆိုးရွားပြင်းထန်မှုများကို ကြိုတင်သိမြင်ကာကွယ်၍ နွေရာသီအထွက်နှုန်း ပိုလျှံစေရန် ဆောင်ရွက်သင့်ကြောင်း၊ လယ်ယာစိုက်ပျိုး ရေးထုတ်လုပ်မှု အတွက် ပံ့ပိုးကူညီမှုပေးခြင်း၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများကို အာမခံပေးမှုများနှင့် ၎င်းတို့၏ ဈေးနှုန်း များကို တည်ငြိမ်စေခြင်းနှင့် နွေဦးကာလ လယ်ယာစိုက်ပျိုး ရေးကို ကောင်းမွန်စွာစတင်ဆောင်ရွက်နိုင်ရန် သေချာစေခြင်း တို့ဖြင့် ပိုမိုအားထုတ်ကြိုးပမ်းသွားရန် လိုအပ်ကြောင်း ဝန်ကြီး ချုပ်က ညီလာခံတွင် တိုက်တွန်းပြောကြားခဲ့ပါသည်။ အဆိုပါ ညီလာခံတွင် တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟူချွန်းဟွာကလည်း စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးမှုများ တည် ငြိမ်စေရေးပံ့ပိုးကူညီပေးရန် မျိုးစေ့နှင့် လယ်ယာစိုက်ပျိုးရေး သွင်းအားစုများကို သေသေချာချာ ပံ့ပိုးပေးရန် အရေးကြီး ကြောင်း အလေးအနက်ပြောကြားခဲ့ပြီး၊ သဘာဝဘေးအန္တ ရာယ်များ ကျရောက်မှုကြောင့် ဆုံးရှုံးရခြင်းကို လျော့ပါးသက် သာစေရန်နှင့် ပဲပုပ်နှင့် ဆီထွက်သီးနှံများကို တိုးမြှင့်ထုတ် လုပ်ရန် ယခုနှစ် လယ်ယာစိုက်ပျိုးရေးရည်မှန်းချက်ဖြစ်သည့် ပျိုးပင်များကို အပြည့်အဝစိုက်ပျိုးရေးအား ပြည့်မီစေရန် အားထုတ်ကြိုးပမ်းသင့်ကြောင်း တိုက်တွန်းခဲ့ပါသည်။

Source-Xinhua (စီးပွားရေးသံမှူး- နန်နင်း)

## တရုတ်ပြည်တွင်း ဓာတ်မြေဩဇာ ဈေးကွက်အခြေ အနေ




SunSirs မှ ရရှိသည့် စာရင်းများအရ တရုတ်ပြည်တွင်း ပိုတက်ဆီယမ်ဆာလ်ဖိတ် ဈေးကွက်မှာ ဖေဖော်ဝါရီလလယ် တွင် ဆက်လက်မြင့်တက်နေပြီး၊ လက်ငင်းအ ရောင်းအဝယ် ဈေးနှုန်းမှာလည်း အတိုင်းအတာတစ်ခုအထိ မြင့်တက်နေပါ သည်။ ဖေဖော်ဝါရီ (၁၇) ရက်နေ့တွင် ပြည်တွင်းပိုတက်ဆီ ယမ်ဆာလ်ဖိတ် ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၄,၃၃၃.၃၃) ဖြစ်ပြီး၊ ဖေဖော်ဝါရီလဆန်းကထက် (၄.၈၄) ရာခိုင်နှုန်း မြင့်တက်လာပါသည်။ လက်ရှိအချိန်တွင် ပြည်တွင်း ပိုတက်ရှ်ဓာတ်မြေဩဇာဈေးကွက်မှာ အရှိန်မြင့်နေပါသည်။ ပြည်တွင်း ပိုတက်ရှ်ဓာတ်မြေဩဇာရောင်းချသူများ များပြား လာပြီး၊ ဆားကန် (salt lake)နှင့် Zangge potassium chloride တို့၏ ဈေးနှုန်းများမှာ တည်ငြိမ်နေကာ၊ ပမာဏမှာ လည်းတဖြည်းဖြည်း တိုးမြင့်လာပါသည်။ သို့သော်ငြားလည်း ဈေးကွက်ရောင်းလိုအားတွင် အကန့်အသတ်ရှိနေဆဲဖြစ်ကာ၊ ရောင်းလိုအား အတန်အသင့် ကြပ်နေဆဲဖြစ်ပါသည်။


Potassium chloride မှာမူ Mannheim လုပ်ငန်း များအတွက် ပံ့ပိုးမှုအချို့ရရှိထားရာ ထုတ်လုပ်မှုကုန်ကျစရိတ် အပေါ် အပြုသဘောသက်ရောက်မှုရှိပါသည်။ လက်ရှိအချိန် တွင် ပြည်တွင်းလုပ်ငန်းများ၏ ထုတ်လုပ်မှုမှာ အထိုက်အ လျောက်နည်းပါးနေပြီး၊ စုစုပေါင်း လည်ပတ်နေသည့်နှုန်းမှာ (၅၀) ရာခိုင်နှုန်းအောက်တွင်သာရှိနေရာ ဈေးအမြင့်ပိုင်းတွင် အတက်အကျရှိနေပါသည်။ potassium sulfate ကို လက်ငင်း ရောင်းချမှုမှာလည်း ရောင်းလိုအားဆက်လက် တင်းကြပ်နေ ဆဲဖြစ်ပြီး၊ ဝယ်လိုအားဘက်မှလည်း ဆောင်းရာသီ လိုအပ် ချက်ကြောင့် ဝယ်လိုအား ပြန်လည်မြင့်တက်လာသည့် အနေ အထားဖြစ်သောကြောင့် ဖေဖော်ဝါရီလလယ်ပိုင်းတွင် ဈေး ကွက်မြင့်မားနေပါသည်။ ဆောင်းရာသီအစပိုင်းတွင် သိုလှောင် ထားသည့် ဓာတ်မြေဩဇာများကို ကုန်သည်များက အသုံး ပြုပြီးနောက် ပြည်တွင်း ပိုတက်ရှ်ဓာတ်မြေဩဇာစာချုပ်အ ချို့ကို မကြာသေးမီက ချုပ်ဆို၍ ဆောင်ရွက်နေပြီး၊ ဈေးကွက် အခြေအနေအပေါ် အကောင်းဘက်မှရှုမြင်လျက်ရှိကြကာ၊ ရေတိုကာလတွင် ဈေးနှုန်းဆက်လက်မြင့်တက်နေနိုင်ပါသည်။

Source-SunSirs (စီးပွားရေးသံမှူး- နန်နင်း)

## ဂျာမနီနိုင်ငံ၏ထောပတ်သီးဈေးကွက်အားလေ့လာ တင်ပြ

အီးယူဒေသသည် သစ်သီးဝလံစားသုံးမှုမြင့်မားလာ သည်နှင့်အမျှ ထောပတ်သီးသည် ၂၀၁၈ ခုနှစ်ပိုင်းမှစ၍ ဝယ် လိုအား များစွာမြင့်တက်လာပြီး ဂျာမနီနိုင်ငံသည် ၂၀၂၀ ခု နှစ်တွင် အီးယူဒေသ၌ ထောပတ်သီးစားသုံးမှု ဒုတိယအများ ဆုံးနိုင်ငံအဖြစ် ရောက်ရှိခဲ့သည်။ ထောပတ်သီး၏ သိပ္ပံအမည် မှာ Persea americana ဖြစ်ပြီး Guatemalan, Mexican,

European import of avocados (import EU-27 + UK with non-European origin




Source: Eurostat / Market Access Database

West Indian နှင့် hybrids ဟူ၍ မျိုးအုပ်စုများ ခွဲခြားထားရှိသည်။ တောင်အမေရိက၊ အာဖရိက၊ အာရှ၊အရှေ့အလယ်ပိုင်း၊ အမေရိကနှင့် ဩစတြေးလျ နိုင်ငံများတို့တွင် စိုက်ပျိုးထွက်ရှိပါသည်။ ဈေးကွက်တွင် အဓိကရောင်းချနေသော အမျိုးအစားများမှာ Guatemala မှ Hass အမျိုးအစားဖြစ်ပြီး အခြား Lavi Hass, Lamb Hass နှင့် Gem Hass တို့လည်း ဈေးကွက်ဝင်ရောက်လျက်ရှိသည်။ ဂျာမနီနိုင်ငံတွင် Fuerte နှင့် Hass အမျိုးအစားနှစ်မျိုးကို ကြိုက်နှစ်သက်ကြပြီး ယခုနောက်ပိုင်းတွင် Hass ကို ပိုမိုနှစ်သက်လာကြသည်။ ထောပတ်သီးတွင်ပါဝင်သော အမျှင်ဓာတ်၊ ဗိုက်တာမင်နှင့် သတ္တုဓာတ်များ ပေါကြွယ်ဝမှုသည် ကျန်းမာရေးအတွက်များစွာအထောက်အကူပြုပါသည်။ ထောပတ်သီး လတ်ဆတ် သို့မဟုတ် အခြောက် နှစ်မျိုးလုံးအတွက် HS code 08044000 ကို အသုံးပြုသည်။ အီးယူဒေသသို့ အဓိကတင်ပို့နေသော နိုင်ငံများမှာ ပီရူးနှင့် တောင်အာဖရိကနိုင်ငံတို့ ဖြစ်ကြပြီး ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသည့်ကာလအတွင်း ဈေးနှုန်းများ ကျဆင်းမှုက ဝယ်လိုအားတိုးတက်မှုကိုဖြစ်စေသည့်အတွက် ၂၀၂၀ ခုနှစ်တွင် အီးယူနိုင်ငံများက တန်ချိန် ၇၀၀,၀၀၀ တင်သွင်းမှုရှိခဲ့ပြီး တန်ဘိုးအားဖြင့် ယူရို ၁.၇ ဘီလီယံခန့် ရှိခဲ့ပါသည်။

Sources-https://www.cbi.eu/market-information/fresh-fruit-vegetables/avocados/market-potential (စီးပွားရေးသံမှူး- ဂျာမနီ)

## မြန်မာနိုင်ငံမှ ဂျာမနီနိုင်ငံသို့ ဈေးကွက်ဝင်ရောက်နိုင်မှုအခွင့်အလမ်း

မြန်မာနိုင်ငံအနေဖြင့် ထောပတ်သီးကို တရုတ်၊ထိုင်း၊ ဟောင်ကောင်၊ ရုရှားအစရှိသည့် နိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဂိတ်များမှတဆင့် တင်ပို့ရောင်းချနေမှု ရှိပါသည်။ မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုလည်း ဖွဲ့စည်းတည်ထောင်ထားရှိပြီးဖြစ်ကာ ဒေသမျိုးကိုင်းများနှင့် ပြည်ပမှတင်သွင်းလာသည့် Hass အမျိုးအစား မျိုးကိုင်းများကို စနစ်တကျပွားများဖြန့်ဖြူးထားနိုင်ပြီး ဈေးကွက်ဝင်အသီးများ ထွက်ရှိလာရေး ဆောင်ရွက်လျှက်ရှိနေခြင်းကြောင့် Hass အမျိုးအစားကို ပိုမိုကြိုက်နှစ်သက်မှုရှိသည့် အီးယူနှင့် ဂျာမနီနိုင်ငံဈေးကွက်များသို့ ဈေးကွက်လိုအပ်ချက်များနှင့်အညီ အရည်အသွေးမီစွာ ဝင်ရောက်နိုင်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ ဂျာမနီနိုင်ငံသည် နယ်သာလန်နိုင်ငံကဲ့သို့သော အီးယူနိုင်ငံများမှ တင်သွင်းခြင်းရှိသလို အီးယူပြင်ပနိုင်ငံများမှ တိုက်ရိုက်တင်သွင်းမှုများလည်း ရှိလာနေပြီဖြစ်ပါသည်။ ဈေးကွက်ဝင်ရောက်မှုအတွက် ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့် စီးပွားရေးချိတ်ဆက်ဆောင်ရွက်မှုများ ရရှိနိုင်မည်ဖြစ်ရာ ဘာလင်မြို့တွင် ကျင်းပသည့် Fruit Logistica ပြပွဲနှင့် နူရင်ဘတ်မြို့တွင်ကျင်းပသည့် Biofach အော်ဂဲနစ်ပြပွဲများသို့ လာရောက်ပြသရန် သင့်တော်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

Sources-https://www.importpromotiondesk.de/fileadmin/user_upload/Publikationen/factsheet/obst_gemuese/avocado-in-germany.pdf (စီးပွားရေးသံမှူး- ဂျာမနီ)

## တရုတ်နိုင်ငံသည် အာရှအလယ်ပိုင်းနိုင်ငံများနှင့် ကုန်သွယ်မှုတိုးတက်ခဲ့

တရုတ်နိုင်ငံနှင့်အာရှအလယ်ပိုင်းရှိ နိုင်ငံများဖြစ်သည့် Kazakhstan၊ Kyrgyzstan၊ Tajikistan၊ Uzbekistan နှင့် Turkmenistan နိုင်ငံများအကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် အချိန်မှစတင်၍ နှစ်ပေါင်း(၃၀)အတွင်း ကုန်သွယ်မှုပမာဏသည် အဆ(၁၀၀) ကျော် တိုးတက်လာခဲ့ပါသည်။ တရုတ်နိုင်ငံနှင့် အာရှအလယ်ပိုင်းနိုင်ငံများအကြား ၁၉၉၂ ခုနှစ်တွင် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ရာ စတင်ထူထောင်စဉ်က ဒေသတွင်းနိုင်ငံများအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၄၆၀) သန်းသာရှိသော်လည်း နှစ်ပေါင်း (၃၀) အကြာတွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၄၀) ဘီလီယံထက် ကျော်လွန်လာသည့်အတွက် အဆ(၁၀၀) နီးပါး တိုးတက်ခဲ့ပါသည်။ အဆိုပါကာလအတွင်း တရုတ်နိုင်ငံမှ အာရှအလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ရင်းနှီးမြှုပ်နှံသည့်ပမာဏ၊ အမေရိကန်ဒေါ်လာ (၁၄) ဘီလီယံကျော်လွန်ခဲ့ပြီး တရုတ်နိုင်ငံသည် အာရှအလယ်ပိုင်းနိုင်ငံများနှင့် စီးပွားရေး၊ ကုန်သွယ်မှုပိုမိုတိုးတက်လာစေရန် လုပ်ဆောင်ခဲ့သည့်အတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်

ရှက်မှုများ တိုးတက်လာခဲ့ပါသည်။ အလားတူပင် တရုတ်နိုင်ငံအနေဖြင့် အာရှအလယ်ပိုင်းနိုင်ငံများနှင့် စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိ Wang Wentao မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: https://www.globaltimes.cn/page/202201/1246237.shtml (စီးပွားရေးသံမှူး- ဘေကျင်း)

## တရုတ်အရှေ့ပိုင်းမှ အီတလီသို့ ကုန်သေတ္တာသယ်ဆောင်သည့်မီးရထား စတင်ပြေးဆွဲ

တရုတ်နိုင်ငံ၊ အရှေ့ပိုင်းရှိကျန်းစူးပြည်နယ်၊ စူးကျိုးမြို့မှ အီတလီနိုင်ငံ၊ မီလန်မြို့သို့ ကုန်သေတ္တာသယ်ဆောင်သည့် မီးရထားအား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း၌ စတင်ပြေးဆွဲခဲ့ပါသည်။ အဆိုပါမီးရထားသည် ကျန်းစူးပြည်နယ်မှ ထုတ်လုပ်သည့်မော်တော်ယာဉ်အစိတ်အပိုင်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ တန်ဖိုး အမေရိကန်ဒေါ်လာ (၃.၇) သန်းဖိုး သယ်ဆောင်၍ ထွက်ခွာသွားပြီး မီးရထား စတင်ထွက်ခွာချိန်မှ (၂၅) ရက်အကြာတွင် အီတလီနိုင်ငံ၊ မီလန်မြို့သို့ ရောက်ရှိမည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း စူးကျိုးမြို့မှ တရုတ်-ဥရောပ ကုန်သေတ္တာသယ်ဆောင်သည့် မီးရထားခေါက်ရေ (၄၀၆) ခေါက် ပြေးဆွဲနိုင်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်ကထက် (၃၈.၁၂) ရာခိုင်နှုန်းမြင့်တက်လာခဲ့ သည်ဟု စူးကျိုးအကောက်ခွန်ဌာနမှ ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါကာလအတွင်း သယ်ယူပို့ဆောင်ခဲ့သည့် ကုန်စည်ပမာဏအမေရိကန်ဒေါ်လာ (၂.၂၅) ဘီလီယံရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ်ကထက် (၆၆.၅၂) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ စူးကျိုးမြို့သည် ၂၀၁၃ ခုနှစ်မှ စတင်၍ တရုတ်-ဥရောပ ကုန်သေတ္တာသယ်ဆောင်သည့် မီးရထားလမ်းကြောင်းများ ဖွင့်လှစ်ခဲ့ကာ လက်ရှိအချိန်အထိ မီးရထားလမ်းကြောင်း(၈)ခုအထိ ဖွင့်လှစ်နိုင်ခဲ့ကာ စူးကျိုးမြို့မှ အာရှအလယ်ပိုင်း၊ အရှေ့တောင်အာရှ၊ ဥရောပတို့ရှိ မြို့ပေါင်း(၈၀)ကျော်တို့သို့ ကုန်စည်များဆက်သွယ်ပို့ဆောင်နိုင်ကြောင်း သိရှိရပါသည်။

Source: http://www.chinadaily.com.cn/a/202201/25/WS61ef54c6a310cdd39bc830c1.html (စီးပွားရေးသံမှူး- ဘေကျင်း)

## တရုတ်နိုင်ငံစားသုံးသူများ အခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေးအကြောင်း

(၃၀-၁၂-၂၀၁၄) ရက်နေ့တွင် ရှန်ဟိုင်းမီးရထားပို့ဆောင်ရေးဝန်ဆောင်မှုShanghai Railway Transport Services က မှားယွင်းစွာဝယ်ယူသူများ၏ လက်မှတ်အသစ် ဝယ်ယူခြင်းအား တားမြစ်ပိတ်ပင်ခဲ့၍ ရှန်ဟိုင်းမီးရထားပို့ဆောင်ရေးအား အရေးယူရန် တရားရုံးရှေ့မှောက်တွင် Zhejiang Consumers' Association မှ တောင်းဆိုခဲ့သည်။ တရုတ်နိုင်ငံတွင် စားသုံးသူအခွင့်အရေး ကာကွယ်ရေးအတွက် စားသုံးသူဥပဒေအသစ် စတင်အသက်ဝင်ချိန်မှစတင်၍ တရုတ်စားသုံးသူများအသင်းမှဦးဆောင်၍ ပထမဆုံး စုပေါင်းလုပ်ဆောင်သည့် အမှုမှာ အဆိုပါအမှုဖြစ်သည်။ တရုတ်စားသုံးသူများအသင်း၏ ပံ့ပိုးကူညီမှု ရရှိခဲ့သော်လည်း စုပေါင်းဆောင်ရွက်မှုအတွက် အရပ်ဘက်လုပ်ထုံးလုပ်နည်း ဥပဒေတွင် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခြေအနေများ ပြည့်စုံမှုမရှိခြင်းကြောင့် ပထမဆုံးသောဤဥပမာတွင် အမှုသည် ပယ်ချခံခဲ့ရသည်။ ဒုတိယဥပမာတွင်လည်း Zhejiang Consumer စားသုံးသူများအသင်း၏ အရေးယူဆောင်ရွက်မှု action အား စွန့်လွှတ်ရန်ခွင့်ပြုသည့်ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည်။ အဆိုပါအမှုကြောင့် တရားရုံးချုပ်မှမကြာမီထုတ်ဝေတော့မည့် စားသုံးသူများ၏ စုပေါင်းလုပ်ဆောင်မှုများ၏ တရားစီရင်ရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်(အထူးသဖြင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ယူဆချက်များနှင့် သက်သေများ၏ ဝန်ထုပ်ဝန်ပိုးကို ထိန်းညှိရန်) အား ထုတ်ဝေရန် လူ့အဖွဲ့အစည်းမှ ဆွေးနွေးမှုများပြုလုပ်ကာ ဖိအားများ ဖြစ်ပေါ်စေ၍ အဆိုပါအမှုသည် တရားစီရင်ရေးကဏ္ဍအပေါ် အာရုံစိုက်မှုကို နှိုးဆွပေးခဲ့ပါသည်။

(၁-၇-၂၀၁၅)ရက်နေ့တွင် စားသုံးသူဥပဒေအသစ်၏ ပုဒ်မ ၄၇ ကို အခြေခံ၍ ရှန်ဟိုင်း စားသုံးသူကောင်စီသည် ရှန်ဟိုင်းဥစာပြည်သူ့တရားရုံး Intermediate People's Court of Shanghai ၏ 1st ပထမအပိုင်းတွင် စုပေါင်းဆောင်ရွက်ချက်ဖြင့် Tianjin Samsung Telecom Technology Co. Ltd. နှင့် GuangDong OPPO Mobile Telecommunica-tions Corp. Ltd. တို့၏မိုဘိုင်းလ်ဖုန်းများတွင် ယခင်ထည့်သွင်းထားသည့် အပလီကေးရှင်းများမှ တစ်ဆင့် စားသုံးသူများ၏ လွတ်လပ်စွာရွေးချယ်ခွင့်နှင့် သတင်းအချက်အလက်ဆိုင်ရာ ထိခိုက်နစ်နာမှုများအပေါ် ထိခိုက်စေသည်ဟု စွပ်စွဲခဲ့သည်။ အဆိုပါအမှုသည် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် တရုတ်တရားရုံးများမှ စီရင်ဆုံးဖြတ်သော စားသုံးမှုအပေါ် ပထမဆုံး စုပေါင်းအရေးယူမှု first collective action ဖြစ်လာပြီး လုပ်ထုံးလုပ်နည်းအမိန့်ကို အပြည့်အဝသဘောပေါက်လာကာ တရားခံကုမ္ပဏီနှစ်ခုသည် စားသုံးသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ဖောက်ဖျက်သည့် ဆောင်ရွက်မှုများကို ဖြေရှင်းပေးခဲ့ရုံသာမက အခြားသော Apple၊ Sony နှင့်

Huawei ကဲ့သို့သော ကုမ္ပဏီများကလည်း ၎င်းတို့သည် တိုးတက်မှု အစီအမံများကို လက်ခံကျင့်သုံးနေပြီဟု ကြေငြာခဲ့သည်။ ဤအခြေအနေတွင် ရှန်ဟိုင်းစားသုံးသူ ကောင်စီသည် အဆိုပါ လုပ်ငန်းစဉ်များကို ရပ်ဆိုင်းရန် သဘောတူခဲ့ပြီး နောက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနသို့ ဥပဒေပြုရေး အဆိုပြုချက်များစွာကို တင်ပြခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ တရုတ်စားသုံးသူဈေးကွက် အရွယ်အစားနှင့် စားသုံးသူ အခွင့်အရေးကာကွယ်ရေးကို ရည်ရွယ်သည့် အမှုအခင်းအရေအတွက်အရ စားသုံးသူဥပဒေသစ်၏ ရှေ့မှောက်တွင် အောင်မြင်ခဲ့သော တစ်ခုတည်းသော စုပေါင်းဆောင်ရွက်မှုသည် စားသုံးသူအသင်းများ၏အတွေ့အကြုံများ ဆန်းသစ်တီထွင်မှုနှင့် နောက်ထပ်သင်တန်းများ ပိုမိုစုဆောင်းရန်လိုအပ်ကြောင်း ထုတ်ဖော်ပြသလျှက်ရှိပါသည်။

Law of the People's Republic of China on the Protection of Consumer Rights and Interests – China.org.cn

Consumer Rights and Interests Protection Law of China (2014) , available at http://www.lawinfochina.com/display.aspx?id=e0a656d399acddc2bdfb&lib=law

The new consumer protection law in China: Improvement and Enforcement written by Dan Wei , Professor of University of Macao , available at https://clap.nls.ac.in/wp-content/uploads/2021/01/The-New-Consumer-Law-in-China.pdf (စီးပွားရေးသံမှူး- ကူမင်း)

## လန်ချန်း-မဲခေါင်ဒေသတွင်း စီးပွားရေးနှင့်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရာတွင် တရုတ်နိုင်ငံ၏ ဦးစီးဆောင်ရွက်ချက်များ



၂၀၂၁ခုနှစ်အတွင်း ဒေသတွင်း လန်ချန်း-မဲခေါင်မြစ်ဝှမ်းအတွင်း တရုတ်နိုင်ငံ၏ ထိပ်တန်းဆောင်ရွက်ချက် ၁၀ အနက်တစ်ခုမှာ စီးပွားရေးနှင့်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပါကြောင်း ကူးစက်ရောဂါများ ဖြစ်ပွားနေသည့်အကြားတွင်ပင် တိုးတက်မှုရရှိပြီး ထုတ်လုပ်မှုစွမ်းရည် ပူးပေါင်းဆောင်ရွက်မှုများ မှန်မှန်တိုးတက်နေစေ၍ ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများသည် နယ်ပယ်အသီးသီးတွင် စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစွာမြှင့်တင်ရန်နှင့် စီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန်အတွက် COVID-19 မှ ဖြစ်ပေါ်လာသော စိန်ခေါ်မှုအမျိုးမျိုးကို ကျော်ဖြတ်ခဲ့ကြရာ ၂၀၂၁ ခုနှစ်တွင် တရုတ်နှင့် မဲခေါင်နိုင်ငံများ၏ ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၃၉၈ ဘီလီယံအထိ ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၃ ရာခိုင်နှုန်းတိုးလာခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်း လုပ်ငန်းစဉ်များ ပြီးမြောက်ခဲ့ပြီး ထုတ်လုပ်မှုစွမ်းရည်နှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး နားလည်မှုစာချွန်လွှာကို မွမ်းမံပြင်ဆင်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ် မေလ ၇ ရက်နေ့တွင် ကမ္ဘောဒီးယားစိုက်ပျိုးရေးဝန်ကြီး Veng Sakhon သည် ဖနွမ်းပင်တွင် တရုတ်နိုင်ငံသို့ ပထမဆုံး ကမ္ဘောဒီးယားလတ်ဆတ်သော သရက်သီးများ တင်ပို့မှုအခမ်းအနားကို တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအပေါ် ယုံကြည်မှုရှိကြောင်း ပြသခဲ့ပါကြောင်း၊ ငှက်ပျောသီးပြီးနောက် လတ်ဆတ်သော သရက်သီးများသည် တရုတ်ဈေးကွက်သို့ တိုက်ရိုက်ဝင်ရောက်ခွင့်ရသည့် ကမ္ဘောဒီးယားနိုင်ငံ၏ဒုတိယမြောက် လတ်ဆတ်သောသစ်သီးများဖြစ်ပါသည်။

တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား တရုတ်-လာအို စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မတီတည်ထောင်ရေး နားလည်မှုစာချွန်လွှာနှင့် ထုတ်လုပ်မှုစွမ်းရည်နှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး တတိယအကြိမ်မြောက် အဓိက ပရောဂျက်များကို အတည်ပြုခြင်းနှင့် ပူးတွဲမြှင့်တင်ခြင်းဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ တရုတ်-လာအို ရထားလမ်းသည် တရုတ်-လာအို စီးပွားရေးစင်္ကြံတည်ဆောက်ရာတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တရုတ်-မြန်မာနယ်စပ် ကုန်သွယ်ရေးတွင် တိုက်ရိုက်နယ်စပ်ကုန်သွယ်ရေးအခြေချရန်အတွက် တရုတ်နှင့် မြန်မာငွေများကို သုံးစွဲခွင့်ပြုမည်ဟု ကြေညာခဲ့ပြီး တရုတ်-မြန်မာနယ်စပ်ရှိ ဝိမ်တိန်ဆိပ်ကမ်းသည် သွင်းကုန်နှင့် ပို့ကုန်များကို အကောက်ခွန်ကင်းရှင်းကြောင်း တရားဝင် ပြန်လည်စတင်လိုက်ပြီဖြစ်သည်။ နိုင်ငံတကာ ကုန်းလမ်း၊ ပင်လယ် ကုန်သွယ်ရေးစင်္ကြံသစ်တစ်လျှောက် သယ်ယူပို့ဆောင်ရေး ထိရောက်မှုပိုမိုတိုးတက်ကောင်းမွန်လာစေရန်တရုတ်-ဗီယက်နမ် ကုန်တင်ရထားများအတွက် အကောက်ခွန်ရှင်းလင်းရေး အရှိန်မြှင့်ဆောင်ရွက်နေပြီဖြစ်ပါ

သည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် တရုတ်-အာဆီယံ ကုန်စည်ပြပွဲအတွင်း Lancang-Mekong နိုင်ငံများသည် ထုတ်လုပ်မှုစွမ်းရည်နှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်နှင့် စက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဒစ်ဂျစ်တယ် E-commerce ပူးပေါင်းဆောင်ရွက်မှု သင်တန်းအစီအစဉ် အပါအဝင် လှုပ်ရှားမှုများကို ဆက်တိုက်ပြုလုပ်ခဲ့ပါသည်။

Source-English.yunnan.cn/html/2022/consulgeneral_0128/27978.html (စီးပွားရေးသံမှူး-ကူမင်း)

## စင်ကာပူအစိုးရ၏ ၂၀၂၂ ခုနှစ် ဘတ်ဂျက်တွင် စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းလုပ်သားများအတွက် ထောက်ပံ့ပေးမည့်အစီအစဉ်များပါဝင်

စင်ကာပူအစိုးရ၏ ၂၀၂၂ ခုနှစ် (၂၀၂၂ ခုနှစ်၊ ဧပြီလမှ ၂၀၂၃ ခုနှစ်၊ မတ်လအထိ) အရအသုံး ခန့်မှန်းခြေစာရင်း (ဘတ်ဂျက်)ကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဝန်ကြီး Mr Lawrence Wong က ပါလီမန်သို့ ၁၉ - ၂ - ၂၀၂၂ ရက်နေ့တွင် တင်ပြဆွေးနွေးခဲ့ရာ၌ စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင်လည်း ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ဆက်လက်တိုးတက်မှုရရှိနိုင်သည်ဟု မျှော်မှန်းထားရှိသော်လည်း လက်ရှိ ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် ယခုအချိန်အထိ ရုန်းကန်နေရဆဲဖြစ်သော စီးပွားရေးလုပ်ငန်းကဏ္ဍများနှင့် ပြည်တွင်းလုပ်သားများရှိပါသဖြင့် ၎င်းတို့အား အစိုးရမှ ချက်ချင်းလက်ငင်းကူညီထောက်ပံ့ပေးမည့်အစီအစဉ်များပါဝင်ကြောင်း သိရှိရပါသည်။ ထိုသို့ထောက်ပံ့ပေးမည့် အစီအစဉ်များတွင် အသေးစားစီးပွားရေးလုပ်ငန်းများမှ ပြန်လည်ဦးမော့လာစေရေးအတွက် ထောက်ပံ့ကြေးပေးမည့်အစီအစဉ် (Small Business Recovery Grant) နှင့် ပြည်တွင်းအလုပ်အကိုင်ရရှိမှုတိုးတက်ကောင်းမွန်လာစေရန် စီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်း ခန့်ထားရာတွင် ကုန်ကျသော လုပ်ခလစာစရိတ်၏ သတ်မှတ်ရာခိုင်နှုန်းတစ်ခုအထိ အစိုးရမှ ကျခံပေးသောအစီအစဉ် (Jobs Growth Incentive) များအတွက် စင်ကာပူဒေါ်လာ ၅၀၀ သန်း သုံးစွဲသွားရန် လျာထားပါသည်။ Small Business Recovery Grant အစီအစဉ်တွင် အကျုံးဝင်သော လုပ်ငန်းအမျိုးအစားများမှာ စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်း၊ လက်လီရောင်းဝယ်ရေးလုပ်ငန်းများ၊ သုခုမအနုပညာနှင့် အနုပညာသင်တန်းများ၊ အားကစားဆိုင်ရာလုပ်ငန်းများ၊ ရုပ်ရှင်ရုံလုပ်ငန်းများ၊ ပြတိုက်၊ အနုပညာပြခန်းနှင့် သမိုင်းဝင်နေရာများပြသသည့်လုပ်ငန်းများ၊ အဆောက်အဦအတွင်းရှိ ကစားကွင်းနှင့် မိသားစုများအပန်းဖြေရေးဆိုင်ရာဝန်ဆောင်မှုစင်တာများ၊ တည်းခိုနေထိုင်ရေးနှင့် ခရီးသွားလုပ်ငန်းများ၊ ပြပွဲများ စီစဉ်ကျင်းပသည့်လုပ်ငန်းများပါဝင် ပါသည်။

Small Business Recovery Grant အစီအစဉ်တွင် အကျုံးဝင်သော လုပ်ငန်းများသည် ပြည်တွင်းဝန်ထမ်းတစ်ဦး ခန့်ထားမှုအတွက် စင်ကာပူဒေါ်လာ ၁၀၀၀ နှုန်းဖြင့် တစ်ကြိမ်တည်း ထောက်ပံ့ကြေးကို ရရှိမည်ဖြစ်ပါသည်။ သို့ရာတွင် လုပ်ငန်းတစ်ခုလျှင် အများဆုံး စင်ကာပူဒေါ်လာ ၁၀၀၀၀ အထိသာ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ ပြည်တွင်းလုပ်သားများကို ငှားရမ်းခန့်ထားမှုမရှိသော စားသောက်ဆိုင်စင်တာများနှင့် ဈေးများမှ အရောင်းဆိုင်များနှင့် ကော်ဖီဆိုင်လုပ်ငန်းများအနေဖြင့်လည်း စင်ကာပူဒေါ်လာ ၁၀၀၀ ထောက်ပံ့ကြေးကို ရရှိမည်ဖြစ်ပါသည်။ ထို့ပြင် စင်ကာပူရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် အသက် ၄၀ နှင့်အထက် ပြည်တွင်း လုပ်သားများကို ငှားရမ်းခန့်ထားခြင်းဖြစ်ပါက လုပ်ခလစာ၏ ၅၀ ရာခိုင်နှုန်းအထိကို လည်းကောင်း၊ အသက် ၄၀ နှစ်အောက် ပြည်တွင်းဝန်ထမ်းများအား ငှားရမ်းခန့်ထားခြင်းဖြစ်ပါက လုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်းအထိကိုလည်းကောင်း အစိုးရက "Jobs Growth Incentive" အစီအစဉ်ဖြင့် ထောက်ပံ့ပေးခဲ့ရာမှ ယခုအခါ ယင်းအစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအထိ ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ သို့ရာတွင် အစိုးရမှ ကျခံပေးမည့် ရာခိုင်နှုန်းများကို လျှော့ချသတ်မှတ်မည်ဖြစ်ပါသည်။ ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် အဆိုးဝါးဆုံး ထိခိုက်မှုဖြစ်ပေါ်ခဲ့သော လုပ်ငန်းကဏ္ဍများအနက် လေကြောင်းလုပ်ငန်းကဏ္ဍအတွက် အစိုးရမှ သီးခြားအထောက်အပံ့များကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ထောက်ပံ့ပေးမည့် အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးဝန်ကြီးမှ ပါလီမန်သို့ နောက်ပိုင်းတွင် တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့ကုန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုလမ်းကြောင်းများ ကမောက်ကမဖြစ်ပေါ်ခဲ့ခြင်း၊ စက်သုံးဆီဈေးနှုန်းများမြင့်တက်ခဲ့ခြင်း၊ ကမ္ဘာ့ဝယ်လိုအားမှာလည်း တိုးတက်လာနေခြင်း စသည့် အကြောင်းအရင်းများကြောင့် ကုန်ကြမ်းပစ္စည်းဈေးနှုန်းနှင့် လျှပ်စစ်ဓာတ်အားခများ မြင့်တက်လာကာ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ ငွေသားစီးဆင်းမှုအပေါ် စိုးရိမ်မှုမြင့်တက်လာသည်ကို သက်သာရာရရှိစေရန်အတွက် စီးပွားရေးလုပ်ငန်းများအား ချေးငွေထုတ်ပေးသည့်အစီအစဉ်များဖြစ်သည့် "Temporary Bridging Loan Programme" နှင့် "Enhanced Trade Loan Scheme" အစီအစဉ်တို့ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအထိဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် စီမံကိန်းချေး

ငွေထုတ်ချေးသော အစီအစဉ်ကိုလည်း ၂၀၂၃ ခုနှစ်၊ မတ်လ အထိ ကာလတိုးမြှင့်ပေးမည်ဖြစ်ပါသည်။ ကိုဗစ် ၁၉ ကြောင့် အလုပ်အကိုင်နှင့် ဝင်ငွေဆုံးရှုံးခဲ့ရသော ပြည်တွင်းလုပ်သား များအနေဖြင့်လည်း "Covid-19 Recovery Grant" အစီ အစဉ်မှ ထောက်ပံ့ကြေးရရှိရန် ၂၀၂၂ ခုနှစ် နှစ်ကုန်အထိ ဆက်လက်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း၊ စင်ကာပူအစိုး ရ၏ ၂၀၂၂ ခုနှစ် ဘတ်ဂျက်တွင် လိုငွေ စင်ကာပူဒေါ်လာ ၃ ဘီလီယံကျော် ပေါ်ပေါက်နိုင်သည်ဟု ကြိုတင်ခန့်မှန်းထား ရှိကြောင်း Mr Lawrence Wong က ပြောကြားခဲ့ပါသည်။

Source- Ministry of Finance, Singapore (စီးပွားရေးသံမှူး- စင်ကာပူ)

## စင်ကာပူအစိုးရ၏ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အခွန်နှုန်းထားများကို တိုးမြှင့်ကောက်ခံသွားမည်

စင်ကာပူအစိုးရ၏ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အစိုးရမှ စည်းကြပ်ကောက်ခံလျက်ရှိသော ကုန်စည်နှင့်ဝန် ဆောင်မှုအခွန် (Goods & Services Tax - GST)၊ လူပုဂ္ဂိုလ် ဝင်ငွေခွန် (Personal Income Tax)၊ တန်ဖိုးမြင့်မော်တော် ကားများဝယ်ယူအသုံးပြုမှုအပေါ် ပေးဆောင်ရသော အပိုမှတ် ပုံတင်ကြေး (Additional Registration Fee - ARF)၊ ကာ ဗွန်ခွန် (Carbon Tax)၊ လုပ်ငန်းဝင်ငွေခွန် (Corporate Tax) တို့ကို ပြောင်းလဲကောက်ခံသွားမည်ဟု ဘဏ္ဍာရေးဝန်ကြီး Mr Lawrence Wong က စင်ကာပူအစိုးရ၏ ၂၀၂၂ ခုနှစ် ဘတ်ဂျက်အား ပါလီမန်သို့ ၁၈ - ၂ - ၂၀၂၂ ရက်နေ့တွင် တင် ပြဆွေးနွေးခဲ့ချိန်၌ ထည့်သွင်းပြောကြားခဲ့ပါသည်။ ကုန်စည် နှင့်ဝန်ဆောင်မှုအခွန် (Goods & Services Tax - GST) ကို လက်ရှိ စည်းကြပ်ကောက်ခံနေသည့် ၇ ရာခိုင်နှုန်းမှ ၉ ရာ ခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံနိုင်ရန် အဆင့် (၂) ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် ၁ - ၁ - ၂၀၂၃ ရက်နေ့မှစ၍ ၈ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ပြီး၊ ဒုတိယအဆင့်အနေဖြင့် ၁ - ၁ - ၂၀၂၄ ရက်နေ့မှစ၍ ၉ ရာ ခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံမည်ဖြစ်ပါသည်။ ဤသို့ GST တိုးမြှင့်ကောက်ခံခြင်းဖြင့် အစိုးရ၏ဝင်ငွေသည်တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၃.၅ ဘီလီယံနီးပါး (စင်ကာပူ၏ GDP ၏ ၀.၇ ရာခိုင်နှုန်းခန့်) တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါသည်။

လူပုဂ္ဂိုလ်များ၏ ဝင်ငွေရရှိမှုအပေါ် ကောက်ခံသည့် အခွန် (Personal Income Tax) ကို ၂၀၂၄ ခုနှစ်၊ အခွန်စည်း ကြပ်သည့်နှစ်မှစ၍ တိုးမြှင့်ကောက်ခံမည်ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ အခွန်စည်းကြပ်သည့်နှစ်မှာ ၂၀၂၃ ခုနှစ်တွင် ရရှိခဲ့ သော လူပုဂ္ဂိုလ်၏ဝင်ငွေအပေါ် သတ်မှတ်နှုန်းထားအလိုက် တွက်ချက်ကောက်ခံခြင်းဖြစ်ပါသည်။ ဝင်ငွေပမာဏ စင်ကာ ပူဒေါ်လာ ၅ သိန်း အထက်မှ တစ်သန်းအထိ ရရှိသူများအ ပေါ် ၂၃ ရာခိုင်နှုန်းနှင့် စင်ကာပူဒေါ်လာတစ်သန်းအထက် ဝင်ငွေရှိသူများအပေါ် ၂၄ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံသွား မည်ဖြစ်ပါသည်။ လက်ရှိတွင် စင်ကာပူဒေါ်လာ ၃၂၀,၀၀၀ အထက်ဝင်ငွေရရှိသူများအား သတ်မှတ်ချက်အလိုက် ၂၂ ရာ ခိုင်နှုန်း စည်းကြပ်ကောက်ခံလျက်ရှိပါသည်။ Personal Income Tax တိုးမြှင့်ကောက်ခံသွားမည့် အစီအစဉ်ကြောင့် ဝင်ငွေခွန် ပေးဆောင်နေရသူများအနက်မှ အများဆုံးပေး ဆောင်နေရသည့် ထိပ်ပိုင်း ၁.၂ ရာခိုင်နှုန်းရှိသော ဝင်ငွေခွန် ပေးဆောင်နေရသူများအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပြီး၊ အစိုးရသည် တစ်နှစ်လျှင် ဝင်ငွေခွန် စင်ကာပူဒေါ်လာ ၁၇၀ သန်း ပိုမိုကောက်ခံသွားနိုင်မည်ဟု ခန့်မှန်းထားပါသည်။ အိမ် ရာ အဆောက်အအုံပိုင်ဆိုင်မှုအပေါ် စည်းကြပ်ကောက်ခံ သောအခွန် (Residential Property Tax) ကိုလည်း ၂၀၂၃ ခုနှစ်မှစ၍ တိုးမြှင့်ကောက်ခံမည်ဖြစ်ပါသည်။ ပိုင်ရှင်နေထိုင် အသုံးပြုမှု မရှိသောအိမ်ရာအဆောက်အအုံများ (Non-owner -occupied residential properties) အား လက်ရှိ ၁၀ ရာ ခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအတွင်း စည်းကြပ်ကောက်ခံနေရာမှ ၁၂ ရာခိုင်နှုန်းမှ ၃၆ ရာခိုင်နှုန်းအတွင်း ကောက်ခံသွားမည် ဖြစ်ပါသည်။ ထို့ပြင် တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၃၀,၀၀၀ အထက် တန်ဖိုးရှိသည့် ပိုင်ရှင်နေထိုင်အသုံးပြုမှုရှိသော အိမ် ရာအဆောက်အအုံများ (Owner-occupied residential properties) အား လက်ရှိ ၄ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအ တွင်း စည်းကြပ်ကောက်ခံနေရာမှ ၆ ရာခိုင်နှုန်းမှ ၃၂ ရာခိုင် နှုန်းအတွင်း တိုးမြှင့်ကောက်ခံသွားမည် ဖြစ်ပါသည်။ ထိုသို့ အခွန်တိုးမြှင့်ကောက်ခံခြင်းမှ တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၃၈၀ သန်းခန့် ရရှိမည်ဖြစ်ပါသည်။

တန်ဖိုးမြင့်မော်တော်ကားများ ဝယ်ယူအသုံးပြုမှုအ ပေါ် ပေးဆောင်ရသော အပိုမှတ်ပုံတင်ကြေး (Additional Registration Fee - ARF) အသစ်တစ်ခုကိုလည်း သတ်မှတ် ကောက်ခံသွားမည်ဖြစ်ပါသည်။ အခွန်စည်းကြပ်ကောက်ခံမှု မပြုမီ မော်တော်ကား၏ တန်ဖိုး (Open Market Valve - OMV) သည် စင်ကာပူဒေါ်လာ ၈၀,၀၀၀ ကျော်ပါက စင်ကာပူ ဒေါ်လာ ၈၀,၀၀၀ ကျော်သော တန်ဖိုးအပေါ် ၂၂၀ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ပါသည်။ လက်ရှိတွင် OMV တန်ဖိုး စင်ကာပူဒေါ်လာ ၅၀,၀၀၀ ကျော်ပါက စင်ကာပူဒေါ်လာ ၅၀,၀၀၀ ကျော်သောပမာဏအပေါ် ၁၈၀ ရာခိုင်နှုန်းကောက် ခံလျက်ရှိပါသည်။ ယင်းကဲ့သို့ အပိုမှတ်ပုံတင်ကြေး ထပ်မံ ကောက်ခံခြင်းဖြင့် တစ်နှစ်လျှင် စင်ကာပူဒေါ်လာသန်း ၅၀

ပိုမိုရရှိမည်ဖြစ်ပါသည်။ စင်ကာပူအစိုးရသည် လက်ရှိတွင် ကာဗွန်ခွန် (Carbon Tax) ကို ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု တစ်တန်လျှင် စင်ကာပူဒေါ်လာ ၅ ဒေါ်လာနှုန်းဖြင့် ကောက်ခံလျက်ရှိပြီး၊ ၂၀၃၀ ပြည့်နှစ်ခန့်တွင် စင်ကာပူဒေါ်လာ ၅၀ မှ ၈၀ အထိ တိုးမြှင့်ကောက်ခံသွားနိုင်ရန်အတွက် အဆင့်လိုက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ Carbon Tax ကို ၂၀၂၄ ခုနှစ်မှစ၍ တစ်တန်လျှင် စင်ကာပူဒေါ်လာ ၂၅ ကောက်ခံမည်ဖြစ်ကာ ၂၀၂၆ ခုနှစ်မှစ၍ စင်ကာပူဒေါ်လာ ၄၅ သို့ တိုးမြှင့် ကောက်ခံမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေအပေါ်ကောက်ခံသည့် လုပ်ငန်းဝင်ငွေခွန် (Corporate Tax) ကိုမူ ကမ္ဘာလုံးဆိုင်ရာ အခွန်ကောက်ခံမှုစနစ် တိုးတက်ပြောင်းလဲမှုအခြေအနေများအပေါ် မူတည်၍ လေ့လာမှုများ ဆက်လက်ပြုလုပ်ကာ ပြောင်းလဲကောက်ခံသွားရန် အဆင်သင့်ဖြစ်မည့် အချိန်တွင် တရားဝင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ စင်ကာပူအစိုးရ၏ ၂၀၂၂ ခုနှစ်ဘတ်ဂျက်စာရင်းအရ ဝင်ငွေစုစုပေါင်းမှာ စင်ကာပူဒေါ်လာ ၁၀၅.၇၁ ဘီလီယံရှိပြီး၊ အသုံးစရိတ် စုစုပေါင်း စင်ကာပူဒေါ်လာ ၁၀၈.၇၅ ဘီလီယံရှိသည့်အတွက် ဘတ်ဂျက်လိုငွေ စင်ကာပူဒေါ်လာ ၃.၀၄ ဘီလီယံပေါ်ပေါက်လျက်ရှိကြောင်း သိရှိရပါသည်။

Source–Ministry of Finance, Singapore, The Straits Times
(စီးပွားရေးသံမှူး-စင်ကာပူ)

## တောင်ကိုရီးယားနိုင်ငံတွင် RCEP စတင်အသက်ဝင်ပြီဖြစ်သဖြင့် ကပ်ရောဂါနှင့်ကုန်သွယ်မှုပဋိပက္ခများအကြား ကုန်သွယ်ရေးဆိုင်ရာဆုလဒ်တစ်ခုအဖြစ် မျှော်လင့်ထား





Photo: The Korea Times

ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်ကြီးဖြစ်သော ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership– RCEP) သည် တောင်ကိုရီးယားနိုင်ငံအတွက် (၁-၂-၂၀၂၂) ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပါသည်။ RCEP (စတင် အသက်ဝင်လာမှုအရ ကုန်သွယ်မှုအပေါ်သက်ရောက်မှုသည် မော်တော်ကား၊ သံမဏိနှင့် အစိတ်အပိုင်းများကဲ့သို့သော တောင်ကိုရီးယားနိုင်ငံမှ လက်ရှိတင်ပို့သည့်ပစ္စည်းများအပြင် ဂိမ်းများနှင့် ရုပ်ရှင်များအတွက်ပါ အကျိုးဖြစ်ထွန်းမှုရှိစေရန်နှင့် တောင်ကိုရီးယား၏ ပြည်ပဈေးကွက်များကို ပိုမိုကျယ်ပြန့်လာစေရန် တောင်ကိုရီးယားနိုင်ငံ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သွယ်ရေးအသိုက်အဝန်းက မျှော်လင့်ထားကြပါသည်။ ထို့ပြင် ပို့ကုန်ကိုအဓိကအားပြုနေရပြီး၊ ကပ်ရောဂါနှင့် ကုန်သွယ်ရေးဆိုင်ရာ ပဋိပက္ခများကို ရင်ဆိုင်ရလျက်ရှိသော တောင်ကိုရီးယားနိုင်ငံအတွက် RCEP သည်အခွင့်အလမ်းသစ်များယူဆောင်ပေးမည့် ကုန်သွယ်ရေးဆိုင်ရာဆုလဒ်တစ်ခုအဖြစ် ရှုမြင်ထားကြပါသည်။ RCEP တွင် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံနှင့် အခြားအာရှ-ပစိဖိတ်ဒေသမှ ငါးနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံ စုစုပေါင်း (၁၅)နိုင်ငံတို့ပါဝင်ကြပြီး၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ဩစတြေးလျနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ လာအိုနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည်လည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင်လည်းကောင်း အသီးသီး စတင်အသက်ဝင်ခဲ့ပြီဖြစ်ပါသည်။ RCEP အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်းကုန်သွယ်မှုပမာဏ၊ လူဦးရေနှင့် Nominal GDP တို့သည် ကမ္ဘာ့စုစုပေါင်း၏ (၃၀) ရာခိုင်နှုန်းဝန်းကျင်ခန့်ရှိပြီး၊ RCEP အဖွဲ့ဝင်နိုင်ငံများသို့ တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်ပမာဏသည် စုစုပေါင်း နိုင်ငံ့ပို့ကုန်ပမာဏ၏ ထက်ဝက်ခန့်ထိ ရှိပါသည်။

အရှေ့အာရှနှင့်ပတ်သက်ပြီး RCEP သည် တောင်ကိုရီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကြား ပထမဆုံး FTA လည်းဖြစ်ရာ RCEP ၏သဘောတူညီချက်များအရ အကောက်ခွန်လျှော့ချမှုဖြင့်ချိတ်ဆက်မှုအသစ်များမှတစ်ဆင့် အိမ်နီးချင်းသုံးနိုင်ငံသည် အာဆီယံထက် ဤသဘောတူညီချက်မှ ပိုမိုအကျိုးဖြစ်ထွန်းနိုင်သည်ဟု အမေရိကန်တွေးခေါ်ပညာရှင်တစ်ဦး ဖြစ်သည့် Atlantic Council က သုံးသပ်ခဲ့ပြီး၊ Korea International Trade Association (KITA) ၏ ကုန်သွယ်မှုဆိုင်ရာတာဝန်ရှိသူတစ်ဦးကလည်း RCEP သည် နိုင်ငံသုံးနိုင်ငံကြား ကုန်သွယ်မှုတွင် ပိုမိုကောင်းမွန်သောအနာဂတ်ကို ယူဆောင်လာမည်ဖြစ်ကြောင်း၊ RCEP သည် တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာပွတ်တိုက်မှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ကူညီပေးနိုင်မည်ဟု

သုံးသပ်ကြပါသည်။ ဂျပန်နှင့် တောင်ကိုရီးယားတို့အကြား တွင် ကုန်သွယ်မှုဆိုင်ရာအဟန့်အတားများ ဖြစ်ပေါ်လျက်ရှိခဲ့ ရာ ဤ RCEP သည် နှစ်နိုင်ငံအကြား ကုန်ပစ္စည်းမျိုးစုံအပေါ် အခွန်စည်းကြပ်မှုများ ဖယ်ရှားပေးသည့် ပထမဆုံးသော စီး ပွားရေးမိတ်ဖက်သဘောတူညီချက်လည်းဖြစ်ပါသည်။ RCEP အရ တောင်ကိုရီးယားနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုတွင်နောင်နှစ်(၂၀)တာကာလအတွင်း အကောက်ခွန် သက်သာခွင့်သည် (၉၄)ရာခိုင်နှုန်းအထိလည်းကောင်း၊ တရုတ် နိုင်ငံ၊ နယူးဇီလန်နိုင်ငံတို့နှင့် (၉၁) ရာခိုင်နှုန်းအထိလည်း ကောင်း၊ ဂျပန်နိုင်ငံနှင့်(၈၃)ရာခိုင်နှုန်းအထိလည်းကောင်း အ ဆင့်ဆင့် ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် တောင် ကိုရီးယားနှင့် ဂျပန်အစိုးရနှစ်ရပ်တို့သည် ၎င်းတို့ နိုင်ငံများ၏ သက်ဆိုင်ရာ အရေးကြီးသောကုန်စည်များကို လွတ်လပ်သော ကုန်သွယ်မှုစာရင်းမှ ဖယ်ထုတ်၍ Sensitive Items စာရင်း တွင်ထည့်သွင်းထားကြောင်း၊ ၂၀၁၁ ခုနှစ် Fukushima နျူ ကလီးယားဘေးအန္တရာယ်နှင့် ဒေသတွင်းပင်လယ် ရေညစ် ညမ်းမှုနှင့်ဆက်နွှယ်နေသည့် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများ ကြောင့် တောင်ကိုရီးယားနိုင်ငံဘက်မှလည်း ဂျပန်ငါးဖမ်းလုပ် ငန်းနှင့် တင်သွင်းခွင့်ဆိုင်ရာများကို ဆက်လက်ပိတ်ပင်ထား မည ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် တောင်ကိုရီးယားနိုင်ငံ အနေဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ (၄.၈) ဘီလီ ယံဖြစ်ပေါ်ခဲ့ပြီး၊ ကျွမ်းကျင်သူများက RCEP ၏သြဇာလွှမ်းမိုး မှုကို ကျော်လွန်ကာ စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်း နှင့် RCEP အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဤအကျပ်အတည်းကို ဖြေရှင်း ရာတွင်ခက်ခဲလိမ့်မည်ဟု ကျွမ်းကျင်သူများက ရှုမြင် ကြကြောင်း၊ RCEP သည် ဝန်ဆောင်မှုကဏ္ဍနှင့် အီလက်ထ ရောနစ်ကူးသန်းရောင်းဝယ်ရေးတွင် ကုန်သွယ်မှုဆိုင်ရာ အ ခွင့်အလမ်းများကို ဖွင့်လှစ်ထားခြင်းကြောင့် တောင်ကိုရီး ယားနိုင်ငံသည် ၎င်း၏အရေးပါသော ကုန်သွယ်ဖက်ဖြစ်သည့် အာဆီယံဒေသနှင့်ကုန်သွယ်မှုတွင် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း အစီရင်ခံစာအများအပြားက ဖော်ပြခဲ့ကြပါသည်။ ထို့ပြင် RCEP သည် ဒေသတွင်းတွင် ရေပန်းစားလျက်ရှိသော တောင်ကိုရီး ယား POP ယဉ်ကျေးမှုအား ပိုမိုကျယ်ပြန့် တိုးတက်နိုင်ရန် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်ပါသည်။ သို့ပါ၍ RCEP စတင် အသက်ဝင်ပြီဖြစ်သဖြင့် ကပ်ရောဂါနှင့် ကုန်သွယ်မှုပဋိပက္ခ များအကြား တောင်ကိုရီးယားနိုင်ငံအတွက် ကုန်သွယ်ရေး ဆိုင်ရာဆုလဒ်တစ်ခုအဖြစ် ကုန်သွယ်မှုအသိုက်အဝန်းမှ မျှော် လင့်ထားရှိမှုအခြေအနေကို သိရှိနိုင်ပါရန်တင်ပြလိုက်ရပါ သည်။

Source: www.asean.org၊ (စီးပွားရေးသံမှူး-ကိုရီးယား)

## တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံစုံကုန်သွယ်မှုမြှင့် တင်ရေးအတွက် ကုန်သွယ်ရေးဝန်ကြီး Yeo Han –koo ဆွစ်ဇာလန်နိုင်ငံသို့ သွားရောက်



**Photo Courtesy: Ministry of Trade, Industry & Energy of Korea**

တောင်ကိုရီးယားနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်း အင်ဝန်ကြီးဌာနမှ ကုန်သွယ်ရေးဝန်ကြီး Mr. Yeo Han–koo သည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်မှ (၁၀) ရက်နေ့ အထိ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့သို့ သွားရောက်ခဲ့ပြီး နိုင်ငံစုံ ကုန်သွယ်မှုခိုင်မာစေရေးအစီအမံများကို ဆွေးနွေးရန် တောင် ကိုရီးယား–ဆွစ်ဇာလန် နှစ်နိုင်ငံ၏ သက်ဆိုင်ရာအရာရှိများ နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ တောင်ကိုရီးယားနိုင်ငံ၊ ကုန် သွယ်ရေးဝန်ကြီး Mr. Yeo Han–koo သည် နိုင်ငံတကာကုန် သွယ်မှုဗဟိုဌာန (International Trade Center)၏ အမှု ဆောင်ဒါရိုက်တာ Pamela Coke–Hamilton နှင့်တွေ့ဆုံပြီး ကုန်သွယ်မှုဝန်ထမ်းများကို လေ့ကျင့်သင်ကြားရာတွင် ပူးပေါင်း ဆောင်ရွက်မည့်အလားအလာများကို ဆွေးနွေးခဲ့ကြောင်း၊ ထို့ နောက် ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization–WTO) ၏ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှု များနှင့် နိုင်ငံစုံစနစ် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုရီးယား သမ္မတနိုင်ငံကုလသမဂ္ဂဆိုင်ရာအမြဲတမ်းအဖွဲ့ရုံးမှ ပြည်တွင်း နိုင်ငံတကာကုန်သွယ်မှုဥပဒေပါမောက္ခနှင့် အွန်လိုင်းကုန်သွယ် မှုအထူးကျွမ်းကျင်သူများနှင့် အစည်းအဝေးကျင်းပ၍ ဆွေးနွေး ခဲ့ကြကြောင်း သိရှိရပါသည်။

ထိုနေ့တွင်ပင် တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်ရေး ဝန်ကြီးသည် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးညီလာခံ (U.N. Conference on Trade and Development –UNCTAD) ရုံးသို့သွားရောက်၍ UNCTAD အထွေထွေအတွင်းရေးမှူး Rebeca Grynspan နှင့် တွေ့ဆုံ

ကာ ကိုရီးယားနိုင်ငံ၏ကိုယ်ပိုင်ကုန်သွယ်မှု အခြေခံဖွံ့ဖြိုးတိုး တက်ခဲ့မှု သမိုင်းကြောင်းကိုအခြေပြု၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကိုယ်ပိုင်စွမ်းရည်မြှင့်တင်ပေးရေး လုပ်ငန်းစဉ်များအတွက် တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း၊ ခရီးစဉ်၏ဒုတိယမြောက်နေ့တွင်ဝန်ကြီးသည် ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Ngozi Okonjo-Iweala နှင့် COVID-19 တုံ့ပြန်ရေး၊ အဓိက ကုန်သွယ်မှုဆိုင်ရာကိစ္စရပ် များနှင့် WTO အတွင်းရေးမှူးချုပ်ရုံးတွင် ကိုရီးယားနိုင်ငံ တိုး ချဲ့ထားရှိမှုတို့ကို ဆွေးနွေးခဲ့ကြောင်း၊ နိုင်ငံတကာ စံနှုန်းသတ် မှတ်ရေးအဖွဲ့ (International Standard Organization-ISO) ဥက္ကဋ္ဌ Ulrika Francke နှင့်လည်း တွေ့ဆုံခဲ့ပြီး ပေါ်ပေါက် လာသော နည်းပညာများနှင့် ၎င်း၏ အကျိုးသက်ရောက်မှု များကို နိုင်ငံတကာစံနှုန်းများတွင် ထည့်သွင်းရန် နည်းလမ်း များကို ဆွေးနွေးခဲ့ကြောင်း၊ နောက်ထပ်ဆွေး နွေးပွဲများသည် ဒစ်ဂျစ်တယ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကာဗွန်ကြားနေရေးဆိုင် ရာနယ်ပယ်များတွင် ပိုမိုအားကောင်းသည့် ကိုရီးယား-ISO ပူး ပေါင်းဆောင်ရွက်မှုကို လွှမ်းခြုံထားကြောင်း လေ့လာသိရှိရပါ သည်။

Source: Ministry of Trade, Industry and Energy of Korea (MOTIE) (စီးပွားရေးသံမှူး-ကိုရီးယား)

## တောင်ကိုရီးယားနိုင်ငံသည် ယူကရိန်းအရေးအကြပ် အတည်းကြောင့် အရေးကြီးစီးပွားရေးအပေါ် သက် ရောက်မှုများကို အနည်းဆုံးဖြစ်စေနိုင်ရန် ဆောင်ရွက်



Photo Courtesy: Yonhap News

တောင်ကိုရီးယားနိုင်ငံသည် လက်ရှိဖြစ်ပေါ်လျက်ရှိ သော ယူကရိန်းအကြပ်အတည်းကြောင့် စီးပွားရေးရာ သက် ရောက်မှုများကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်ရန် မူဝါဒများ ကို အရေးပေါ်အခြေအနေတွင် လိုအပ်သကဲ့သို့ ဆောင်ရွက် နိုင်ရန် ကြိုတင်ပြင်ဆင်မှုများကို အသင့်ပြင်ဆင်ဆောင်ရွက် ထားလျက်ရှိကြောင်း၊ ယူကရိန်းအကျပ်အတည်း၏ သက် ရောက်မှုကြောင့် စီးပွားရေးကျဆင်းမှုကို လျှော့ချနိုင်ရန်နှင့် ဒေသတွင်း၌ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့အ ကြား တင်းမာမှုများ တိုးလာသည့်ကြားမှဖြစ်ပေါ်လျက်ရှိသော ဈေးကွက်မတည်ငြိမ်မှုတွေကို လျှော့ချနိုင်ရန် ဖြစ်နိုင်သမျှ မူဝါဒနည်းလမ်းများအားလုံးကို စုစည်းဆောင်ရွက်ရေး တောင် ကိုရီးယားက စီစဉ်လျက်ရှိကြောင်း အကြီးတန်းအစိုးရအရာ ရှိတစ်ဦးက ထုတ်ဖော်ပြောကြားချက်အရ သိရှိရပါသည်။ ရုရှား နိုင်ငံက ယူကရိန်းကို ကျူးကျော်လာပြီး အမေရိကန်တို့နှင့် မ ဟာမိတ်များ၏ စီးပွားရေးရာ မသေချာမရေရာမှုများ တိုးမြင့် လာရန် ရုရှား၏ ပြင်းထန်သော ပိတ်ဆို့အရေးယူမှုများ တိုး လာခဲ့လျှင် အရေးပေါ်အစီအမံများကို အကောင်အထည်ဖော် နိုင်ရန် တောင်ကိုရီးယားအစိုးရကကြိုတင်စီစဉ်လျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီး Lee Eog-weon က Pan-Government Task Force အစည်းအဝေးတစ်ရပ်တွင်ထုတ်ဖော်ပြောကြား ခဲ့ပါသည်။ (၁၄-၂-၂၀၂၂) ရက်နေ့တွင် တောင်ကိုရီးယား သမ္မတ Moon Jae-in က ယူကရိန်းအခြေအနေအပေါ် အစိုး ရအရာရှိများအား စီးပွားရေး လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆိုင်ရာ အရေးပေါ်တုံ့ပြန်နိုင်ရန် အစီအမံများကို ကြိုတင် ဆောင်ရွက်ထားကြရန်အစိုးရအဖွဲ့အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် လမ်းညွှန်မှာကြား ခဲ့ကြောင်းလည်း သိရှိ ရပါသည်။

ယူကရိန်းအရေးရိုက်ခတ်မှုနှင့် ၎င်း၏ငွေကြေးတင်း ကျပ်မှုကိုအရှိန်မြှင့်ရန် အမေရိကန်ဗဟို ဘဏ်၏ရွှေ့လျားမှု အလားအလာများကြားတွင် တောင်ကိုရီးယား၏ ဘဏ္ဍာ ရေးဈေးကွက်သည် မတည်မငြိမ်ဖြစ်လာသည်ကို တွေ့ရှိရ ကြောင်း၊ (၁၅-၂-၂၀၂၂) ရက်နေ့တွင် ဆိုးလ်မြို့၏ အခြေခံ စတော့အညွှန်းကိန်းသည် ယခင်နေ့ကထက် (၁.၅၇) ရာခိုင် နှုန်းကျဆင်းသွားပြီးနောက် အရောင်းအဝယ်ဈေးကွက်တွင် ဂယက်ထလာခဲ့ကြောင်း၊ မကြာသေးမီလများတွင် ကိုရီးယား ငွေကြေး တန်ဖိုးသည်လည်း အမေရိကန်ဒေါ်လာနှင့်လဲလှယ် မှုနှုန်းတွင် သိသာစွာ တန်ဖိုးကျဆင်းသွားခဲ့ ကြောင်း၊ (၁၅-၂ -၂၀၂၂) ရက်နေ့၊ (၁၀:၃၀)အချိန် ဈေးအရ အမေရိကန်ဒေါ် လာ(၁) ဒေါ်လာလျှင် ကိုရီးယားဝမ် (၁၁၉၇.၉) ဝမ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး နောက်ဆုံး Session တွင် အရောင်း အဝယ်ဖြစ်ခဲ့မှုထက် (၆.၈)ဝမ် တန်ဖိုးလျော့ကျသွားကြောင်း၊ ရုရှားသည် ကမ္ဘာ့အကြီးဆုံးရေနံ ထုတ်လုပ်သည့်နိုင်ငံတစ် နိုင်ငံဖြစ်သည့်အလျောက် ယူကရိန်းအရေးနှင့်ပတ်သက်၍

ရုရှားနှင့် အမေရိကန်တို့အကြား တင်းမာမှုများမြင့်တက်လာခြင်းမှသည် ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း လေ့လာသိရှိရပါသည်။ တောင်ကိုရီးယားနိုင်ငံ၏ အခြေခံစံနှုန်းဖြစ်သည့် ဒူဘိုင်းရေနံဈေးနှုန်းသည် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ (၇၇.၁၂) ဒေါ်လာခန့်ရှိခဲ့ရာမှ (၁၄-၂-၂၀၂၂)ရက် နေ့တွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ (၉၂.၇၂) ဒေါ်လာအထိ မြင့်တက်ခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏စွမ်းအင်လိုအပ်ချက်အတွက် သွင်းကုန်များအပေါ်အဓိကမှီခိုနေရသည့် နိုင်ငံတစ်ခုဖြစ်ရာ၊ စွမ်းအင်ကုန်ကျစရိတ်များ မြင့်တက်လာခြင်းနှင့် ကိုရီးယားဝမ်ငွေကြေး၏ တန်ဖိုးလျော့လာခြင်း စသည့်အားနည်းချက်များကြောင့် နိုင်ငံ၏သွင်းကုန်တန်ဖိုးများမြင့်တက်လာခဲ့ပြီး စားသုံးသူများ၏ ငွေကြေးဖောင်းပွမှုကို မြင့်တက်စေရန် ပိုမိုတွန်းအားပေးသကဲ့သို့ဖြစ်လာခဲ့ ပါသည်။

၂၀၂၁ ခုနှစ်နှောင်းပိုင်းကာလများတွင် တောင်ကိုရီးယားအစိုးရသည် အဓိကကုန်ကြမ်းများ၊ စွမ်းအင်နှင့် အခြားအဓိကပစ္စည်းများကို ထပ်လောင်းသိုလှောင်ထားမည်ဟု ပြောကြားထားခဲ့ပြီး ထောက်ပံ့မှုပြတ်တောက်မှုဖြစ်နိုင်ချေကိုကြိုတင်ပြင်ဆင်သည့်အနေဖြင့် ၎င်းတို့၏ ပြည်တွင်းထုတ်လုပ်မှုကို ချဲ့ထွင်ရန်ကြိုးပမ်းမည်ဟု ထုတ်ပြန်ထားခဲ့ပါသည်။ သို့ပါ၍ တောင်ကိုရီးယားနိုင်ငံသည် ယူကရိန်းအရေး အကျပ်အတည်းကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုများကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်ရန် မူဝါဒများကို အရေးပေါ်အခြေအနေတွင် လိုအပ်သကဲ့သို့ ဆောင်ရွက်နိုင်ရေး အသင့်ပြင်ဆင်ထားလျက်ရှိမှုအခြေအနေများအား သိရှိနိုင်ပါရန် တင်ပြလိုက်ရပါသည်။

Source: The Korea Times (စီးပွားရေးသံမှူး-ကိုရီးယား)

## တောင်ကိုရီးယားနိုင်ငံ၏ ပျမ်းမျှလစဉ်လုပ်အားခသည် ကိုရီးယားဝမ် (၃.၂) သန်းအထိ မြင့်တက်



**မနက်ခင်း အလုပ်သွားရန် ကားစောင့်နေကြသူအချို့ကိုတွေ့ရစဉ် (Photo: Yonhap)**

Statistics Korea ၏ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ စာရင်းများကို ပြန်လည်လေ့လာသုံးသပ်မှုအရ ၂၀၂၀ ပြည့်နှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ပျမ်းမျှလစဉ်လုပ်အားခသည် ကိုရီးယားဝမ် (၃.၂) သန်း (ခန့်မှန်း အမေရိကန်ဒေါ်လာ ၂,၆၈၀) အထိမြင့်တက်လာကြောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အကြားတွင် အနိမ့်ဆုံးလုပ်ခလစာနှုန်းများ ရုတ်ချည်းမြင့်တက်ခဲ့ခြင်းကြောင့် တောင်ကိုရီးယားဝန်ထမ်းများအတွက် ပျမ်းမျှလစဉ် လစာနှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်တွေ့ရှိရကြောင်း (၂၁-၂-၂၀၂၁) ရက်နေ့ကထုတ်ပြန်ကြေညာသော နိုင်ငံပိုင်စာရင်းအင်း သတင်းအချက်အလက်များအရ လေ့လာသိရှိရပါသည်။ Statistics Korea ၏အချက်အလက်များအရ ပျမ်းမျှတစ်လလျှင်လုပ်ခလစာသည် ၂၀၁၆ ခုနှစ်တွင် ဝမ်(၂.၇၇)သန်းရှိခဲ့ရာမှ လေးနှစ်အတွင်း ပျမ်းမျှတစ်လလုပ်ခလစာ ဝမ် (၄၃၀,၀၀၀) (သို့မဟုတ်) (၁၅.၅) ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ ကာလများအတွင်း အနိမ့်ဆုံးလုပ်ခလစာနှုန်း(Minimum Wage) သည် တစ်နာရီလျှင် ဝမ် (၆,၀၃၀) မှ (၈,၅၉၀) ဝမ်သို့ (၄၂.၄) ရာခိုင်နှုန်းခန့် တိုးတက်လာသဖြင့် အလုပ်သမားတစ်ဦးသည် လစဉ် အလုပ်ချိန်ပုံမှန်အနေအထား ရှိပါကလစဉ်အနိမ့်ဆုံးလုပ်ခသည် ဝမ်(၁.၂၆) သန်းမှ (၁.၇၉) သန်းအထိ တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဝမ် (၁.၅) သန်းမှ (၂.၅) သန်းကြား လစာရရှိသူအလုပ်သမား (၂၇.၉) ရာခိုင်နှုန်း၊ ဝမ် (၂.၅) သန်းမှ (၃.၅) သန်းကြား လစာရရှိသူ အလုပ်သမား (၁၇.၁) ရာခိုင်နှုန်းရှိကြောင်း၊ ပုံမှန်အချိန်ပြည့် အလုပ်ချိန်မရှိသော ဝန်ထမ်းများအနေဖြင့် ဝမ်(၈၅၀,၀၀၀) အောက် လုပ်အားခရရှိသူ (၁၃.၉) ရာခိုင်နှုန်း၊ ဝမ် (၈၅၀,၀၀၀)မှ(၁.၅) သန်းကြားလုပ်အားခရရှိသူ (၁၀.၂) ရာခိုင်နှုန်းခန့်ရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

မှတ်သားဖွယ်အနေဖြင့် မှတ်တမ်းပြုစုထားသော အလုပ်သမားများအားလုံး၏ (၂.၆) ရာခိုင်နှုန်းသည် တစ်လလျှင် ဝမ်(၁၀) သန်း (သို့မဟုတ်) ဝမ်(၈) သန်းမှ (၁၀)သန်းကြားတွင် ရရှိသူ (၂.၆) ရာခိုင်နှုန်းဖြစ်ကြောင်း၊ ဝမ် (၆.၅) သန်းနှင့် ဝမ်(၈) သန်းကြားတွင် ရရှိသူ (၄.၆) ရာခိုင်နှုန်းဖြစ်ကြောင်း၊ ပျမ်းမျှလစဉ် လုပ်အားခ ဝမ်(၈) သန်းထက်ပိုမိုရရှိသူ လုပ်သားများ (၅) ရာခိုင်နှုန်းကျော်လာခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ လုပ်ငန်းစုကြီးများနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လုပ်ကိုင်သူများအကြား လစာကွာဟချက်မှာ ဝမ်(၂.၇)သန်း ဝန်းကျင်ခန့်ကွာဟမှုရှိကြောင်း လေ့လာသိရှိရပါသည်။ အလုပ်အမျိုးအစားအားဖြင့် ငွေရေးကြေးရေး၊အာမခံလုပ်ငန်းကဏ္ဍများတွင်လုပ်ကိုင်သူများသည်

လုပ်ခလစာမြင့်မားလေ့ရှိပြီး၊ ပျှမ်းမျှ ဝမ် (၆.၆) သန်းခန့်ရရှိနိုင်ကြောင်း၊ နိုင်ငံခြားငွေကြေးထောက်ပံ့သောကုမ္ပဏီ (သို့မဟုတ်) အဖွဲ့အစည်းများတွင် လုပ်ကိုင်သူများ၏ ပျမ်းမျှလစာ ဝမ် (၄.၇၈) သန်းခန့်ရရှိနိုင်ကြကြောင်း၊ အစားအသောက်ဝန်ဆောင်မှုများတွင် လုပ်ကိုင်သောဝန်ထမ်းများနှင့် စိုက်ပျိုးရေး၊ သစ်တော၊ ငါးလုပ်ငန်းများတွင်လုပ်ကိုင်သော အလုပ်သမားများ အနေဖြင့် ဝမ် (၁.၆၃) သန်းဝန်းကျင်ခန့် ရရှိကြသဖြင့် ၎င်းတို့အကြား ကိန်းဂဏန်းအတန်သင့် ကွာခြားမှုမြင့်မားလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် အမျိုးသားများအတွက်ပေးချေမှုပမာဏသည် အမျိုးသမီးများအတွက်ပေးချေမှုပမာဏထက် များပြားလေ့ရှိပြီး၊ ဝမ် (၃.၇၁) သန်းနှင့် ဝမ် (၂.၄၇) သန်း အသီးသီးဖြစ်သော်လည်း ကွာဟချက် ကျဉ်းမြောင်းလာသည်ကို တွေ့ရှိရကြောင်း၊ အမျိုးသမီးနှင့် အမျိုးသားများအတွက် လုပ်အားခအချိုးသည် ၂၀၁၆ ခုနှစ်တွင် (၆၃.၁) ရာခိုင်နှုန်းမှ ၂၀၂၀ ပြည့်နှစ်တွင် (၆၆.၆) ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၁၉ ခုနှစ်တွင် (၃.၁) ရာခိုင်နှုန်းမှ ၂၀၂၀ ပြည့်နှစ်တွင် (၄.၇) ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ကြောင်း၊ အသက်အရွယ်အလိုက်တွင်မူ အသက် (၄၀)နှစ်အရွယ်ဝန်ထမ်းများသည် ဝမ် (၃.၉၃) သန်း၊ အသက် (၅၀)နှစ်ဂန်းကျင်သည် ဝမ် (၃.၇၁) သန်း၊ အသက် (၃၀)နှစ်ဂန်းကျင်သည် ဝမ် (၃.၄၄) သန်း၊ အသက် (၂၀) နှစ် ဂန်းကျင်သည် ဝမ် (၂.၂၉) သန်းနှင့် အသက် (၆၀) နှစ်ကျော်သူများသည် ဝမ် (၂.၁၇) သန်းအသီးသီးရရှိကြကြောင်း၊ သို့ရာတွင် ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက တစ်နှစ်ထက်တစ်နှစ်တိုးတက်မှုသည် အသက် (၆၀) နှစ်ကျော်သူ ဝန်ထမ်းများ၏ လုပ်အားခရရှိမှုတွင် (၄.၈) ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ကြောင်း၊ အမျိုးသားအလုပ်သမားများသည် အသက်(၄၀)နှစ်ဝန်းကျင်တွင် ပျမ်းမျှလစာ ဝမ်(၄.၅၄)သန်း ဖြင့်အမြင့်ဆုံးဖြစ်ပြီး၊ အမျိုးသမီးအလုပ်သမားများသည် အသက် (၃၀) နှစ်ဝန်းကျင်တွင် ဝမ်(၃.၀၄) သန်းဖြင့် အများဆုံးဖြစ်ကြောင်း၊ သို့ဖြစ်၍ စာရင်းအင်းအချက်အလက်အားလုံးကို ခြုံငုံ၍ လေ့လာသုံးသပ်ပါက ပျမ်းမျှလုပ်အားခသည် ၂၀၁၆ ခုနှစ်တွင် ဝမ် (၂.၀၃) သန်းမှ ၂၀၂၀ ပြည့်နှစ်တွင် ဝမ် (၂.၄၂)သန်းအထိ မြင့်တက်လာခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ သို့ပါ၍ တောင်ကိုရီးယားနိုင်ငံ၏ ပျမ်းမျှလစဉ်လုပ်အားခသည် ကိုရီးယားဝမ် (၃.၂) သန်းအထိ မြင့်တက်လာကြောင်း စစ်တမ်းများမှသုံးသပ်ရရှိမှုအခြေအနေကို သိရှိနိုင်ပါရန် တင်ပြလိုက်ရပါသည်။

Source – The Korea Herald (စီးပွားရေးသံမှူး–ကိုရီးယား)

## ဘယ်လ်ဂျီယံနိုင်ငံသည် အာရှဒေသအပေါ်မှီခိုနေရမှုကို လျှော့ချရန် "Chips Act" အစီအစဉ်

အီးယူသည် မိုက်ခရိုချစ်ပ်များနှင့်ပတ်သက်၍ အာရှအပေါ် မှီခိုနေရမှုကို လျှော့ချနိုင်ရေးနှင့် အီးယူဒေသအား semiconductor အဓိကထုတ်လုပ်သည့် ဒေသဖြစ်လာစေရေးကိုရည်ရွယ်၍ ယူရို (၄၈) ဘီလျံတန်ဖိုးရှိသော "Chips Act" အမည်ရှိ အစီအစဉ်တစ်ရပ်ကို ကြေညာခဲ့ကြောင်း သိရပါသည်။ မိုက်ခရိုချစ်ပ်များသည် မော်တော်ကား၊ ဆေးရုံသုံး လေသန့်စင်စက်များမှသည် ဂိမ်းကစားသည့်ခလုပ်များအထိ ထုတ်လုပ်ရာတွင် လိုအပ်သည့်အစိတ်အပိုင်းများ ဖြစ်ပါသည်။ စွမ်းအင်တင်သွင်းမှုနှင့်ပတ်သက်၍လည်း အီးယူက ရုရှားနိုင်ငံအပေါ် မှီခိုနေရခြင်းနှင့် သဘာဝဓါတ်ငွေ့ မလုံလောက်မှုကိစ္စရပ်များသည် စီးပွားရေးအရအမှီအခိုမကင်းမှုကို မီးမောင်းထိုးပြနေကြောင်း၊ ထို့ကြောင့် အီးယူအနေဖြင့် ကုန်ထုတ်လုပ်မှု၌ အရေးပါသည့် semiconductor ကဏ္ဍတွင် စီးပွားရေးအရ အမှီအခိုကင်းမှုကို မြှင့်တင်နိုင်ရေး "Chips Act" အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပါသည်။ မိုက်ခရိုချစ်ပ်များသည် ကမ္ဘာ့နည်းပညာယှဉ်ပြိုင်မှုများတွင် အချက်အခြာဖြစ်နေပြီး၊ ခေတ်သစ်စီးပွားရေးပုံစံ၏ အခြေခံလည်းဖြစ်နေကြောင်း ဥရောပကော်မရှင်၏ ဥက္ကဌဖြစ်သူ Ursula von der Leyen က ပြောကြားပါသည်။ အီးယူ၏ "Chips Act" အစီအစဉ်ကို အီးယူအဖွဲ့ဝင် (၂၇) နိုင်ငံနှင့် ဥရောပပါလီမန်တို့က ဆက်လက်အတည်ပြုရန်လိုအပ်မည်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများသည် ကိုဗစ်–၁၉ ကပ်ရောဂါအကျပ်အတည်းမှ ပြန်လည်ရုန်းထွက်၍ စီးပွားရေး ပြန်လည်ကောင်းမွန်လာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် semiconductor များ ထောက်ပံ့မှုလုပ်ငန်းကွင်းဆက်တွင် အဟန့်အတားများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း သိရပါသည်။ ကပ်ရောဂါအကျပ်အတည်းသည် ကမ္ဘာ့ထောက်ပံ့ရေးလုပ်ငန်းကွင်းဆက်ကို ထိရှလွယ်သည့် အနေအထားသို့ ရောက်ရှိစေကြောင်း၊ ယင်းကြောင့်ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းထားရခြင်းကို ကြုံတွေ့ရကြောင်း၊ ဝယ်လိုအား တိုးတက်လာချိန်တွင် မိုက်ခရိုချစ်ပ်များ မလုံလောက်မှုကြောင့် လိုအပ်သလောက် မထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း Ursula von der Leyen က ဆိုသည်။ အီးယူ၏ "Chips Act" အစီအစဉ်သည် သုတေသန၊ ဒီဇိုင်းနှင့် စမ်းသပ်မှုလုပ်ငန်းများနှင့် ချိတ်ဆက်သွားမည်ဖြစ်ပြီး၊ အီးယူအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားရင်းနှီးမြှုပ်နှံမှု အစီအစဉ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရပါသည်။ လက်ရှိတွင် အီးယူအဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့

semiconductor ဈေးကွက်ဝေစု၏ (၉) ရာခိုင်နှုန်းကိုသာ ကိုယ်စားပြုထားကြောင်း၊ ဥရောပကော်မရှင်ဥက္ကဋ္ဌ Ursula von der Leyen အနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် အဆိုပါဈေးကွက်ဝေစုအား (၂၀) ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်ရေး ဆန္ဒရှိနေကြောင်း၊ "Chips Act" အစီအစဉ်အရ အီးယူဘတ်ဂျတ်မှ ယခင်ကတိကဝတ်ပြုထားသည့် ရန်ပုံငွေများအပြင် အစိုးရနှင့်ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၌ ယူရို (၁၅) ဘီလျံကို ထပ်တိုးသုံးစွဲသွားမည်ဖြစ်ကြောင်း သိရပါသည်။

Source – https://www.belgiumnews.net/news/272283402/europe-announces-scheme-to-end-dependency-on-asia-for-chips (စီးပွားရေးသံမှူး-ဘယ်လ်ဂျီယံ)

## ဘယ်လ်ဂျီယံနိုင်ငံ၏ စွမ်းအင်ဈေးနှုန်းမြင့်တက်မှုကြောင့် အီးယူ၏စီးပွားရေးတိုးတက်မှုလျှော့ချခန့်မှန်း

၂၀၂၂ ခုနှစ်တွင် အီးယူ၏ စီးပွားရေးသည် ယခင်မျှော်မှန်းထားသည်ထက် လျော့နည်း၍ တိုးတက်မည်ဖြစ်ကြောင်း၊ စွမ်းအင်ဈေးနှုန်းမြင့်မားခြင်း၊ ထောက်ပံ့ရေးကွင်းဆက် ပြဿနာများက ငွေကြေးဖောင်းပွမှုကို ပိုမိုဖြစ်ပေါ်စေပြီး၊ ကပ်ရောဂါမှ စီးပွားရေးပြန်လည်နာလန်ထူမှုကို နှောင့်နှေးစေခြင်းတို့ကြောင့် ဥရောပကော်မရှင်က အီးယူ၏စီးပွားရေးတိုးတက်မှုခန့်မှန်းချက်ကို လျှော့ချခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ အီးယူစီးပွားရေးသည် ၂၀၂၁ ခုနှစ်တွင် (၅.၃) ရာခိုင်နှုန်းဖြင့်တိုးတက်ခဲ့ပြီးနောက် ယခု ၂၀၂၂ ခုနှစ်တွင် အီးယူနှင့် ယူရိုဇုန်၏ စီးပွားရေးသည် ယခင်ခန့်မှန်းထားသည့် (၄.၃) ရာခိုင်နှုန်းထက် လျော့နည်း၍ (၄) ရာခိုင်နှုန်းခန့်ဖြင့်သာ တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။ ငွေကြေးဖောင်းပွနှုန်းမှာမူ ၂၀၂၂ ခုနှစ်တွင် မျှော်မှန်းသည်ထက်ပို၍ မြင့်မားနိုင်ပြီး၊ (၃.၅) ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်ပါသည်။ အီးယူ၏ စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် အချက်များစွာရှိနေကြောင်း၊ အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲ လျင်မြန်စွာကူးစက်ပျံ့နှံ့ခြင်း၊ စွမ်းအင်ဈေးမြင့်မားမှုကြောင့် ငွေကြေးဖောင်းပွနှုန်း ထပ်မံမြင့်တက်စေခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက် အဟန့်အတားများ ဆက်လက်ရှိနေခြင်း စသည့်အချက်များဖြစ်ကြောင်း အီးယူ၏ စီးပွားရေးကော်မရှင်နာဖြစ်သူ Paolo Gentiloni က ပြောကြားပါသည်။ ကုန်ဈေးနှုန်းမြင့်တက်မှုများသည် ဥရောပ၏ နွေရာသီကာလအထိ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်းနှင့် ထောက်ပံ့ရေးကွင်းဆက်အဟန့်အတားများ ဖြေလျှော့လာနိုင်ပြီး၊ စွမ်းအင်ဈေးနှုန်းအသင့်အတင့် ပြန်လည်ကျဆင်းပြီးနောက်တွင်မှ ငွေကြေးဖောင်းပွမှု ကျဆင်းမည်ဟု ခန့်မှန်းကြောင်း ၎င်းကဆိုသည်။

သို့ရာတွင် အရှေ့ဥရောပ၌ ပထဝီနိုင်ငံရေးတင်းမာမှုများ သိသိသာသာ အရှိန်ရလာခြင်းကြောင့် စီးပွားရေးအပေါ် ခြိမ်းခြောက်မှုများ ရှိလာနိုင်ခြင်းနှင့်အတူ မသေချာမရေရာမှုများဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း၊ ရုရှားနှင့် ယူကရိန်းတို့အကြားတင်းမာမှုသည် အီးယူအတွက် ရုရှားနိုင်ငံမှ စွမ်းအင်ရောင်းချမှုအပေါ် မသေမချာဖြစ်စေနိုင်ကြောင်း၊ အီးယူရှိ စက်ရုံလုပ်ငန်းများနှင့် အိမ်ထောင်စုများအတွက် လိုအပ်သည့် ဓါတ်ငွေ့တင်သွင်းမှု၏ (၄၀) ရာခိုင်နှုန်းခန့်ကို ရုရှားနိုင်ငံမှ ဝယ်ယူရခြင်းဖြစ်ကြောင်း သိရပါသည်။ ဈေးနှုန်းမြင့်တက်နေစေကာမူ ရုရှားနိုင်ငံအနေဖြင့် လက်ရှိတွင် အီးယူသို့ ဓါတ်ငွေ့/စွမ်းအင် တိုးမြှင့်ရောင်းချဖွယ်ရှိမည်မဟုတ်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌဖြစ်သူ Ursula von der Leyen က ဘရပ်ဆဲလ်၌ ပြုလုပ်သည့် စီးပွားရေးကွန်ဖရင့်တွင် ပြောကြားကြောင်း၊ အီးယူအနေဖြင့် ဓါတ်ငွေ့တင်သွင်းမှုအပေါ် မှီခိုနေရခြင်းကြောင့် ဈေးနှုန်းမြင့်တက်မှုနှင့်ပတ်သက်၍ အလွန်ထိရှလွယ်သည့်အခြေအနေဖြစ်သည်ဟု ၎င်းကပြောကြားကြောင်း သိရပါသည်။ လာမည့် ၂၀၂၃ ခုနှစ်တွင် ယူရိုဇုန်၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ဥရောပဗဟိုဘဏ်၏ (၂) ရာခိုင်နှုန်းရည်မှန်းချက်အောက်ဖြစ်သည့် (၁.၇) ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိနိုင်ခြင်းနှင့်အတူ အီးယူ၏စီးပွားရေးသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည်ဟု ဥရောပကော်မရှင်က ခန့်မှန်းထားပါသည်။

Source- https://www.euractiv.com/ (စီးပွားရေးသံမှူး-ဘယ်လ်ဂျီယံ)

## ဘယ်လ်ဂျီယံနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် အီးယူ၌ ကားအသစ်ရောင်းချရမှု စံချိန်တင်ကျဆင်း

ကမ္ဘာတစ်ဝန်း မိုက်ခရိုချစ်ပ် မလုံလောက်သည့်အခက်အခဲ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် အီးယူရှိ ကားရောင်းချသည့်လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ကားအရောင်းပြခန်းများ၌ ကားသစ်များဖြည့်တင်းနိုင်ရေး ရုန်းကန်နေကြရကြောင်းနှင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကားသစ် ရောင်းချရမှုသည်လည်း သမိုင်းဝင်ကျဆင်းခဲ့ကြောင်း သိရပါသည်။၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် အီးယူရှိ ကားရောင်းချသည့် လုပ်ငန်းများမှ ကားအသစ် (၆၈၂,၅၉၆) စီး ရောင်းချခဲ့ရပြီး၊ ယခင်နှစ်ကာလတူထက် (၆) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဥရောပမော်တော်ယာဉ်ထုတ်လုပ်သူများအသင်း (European Automobile Manufacturers Association – ACEA) က ထုတ်ပြန်ထားပါသည်။ semiconductor ရှားပါးမှုပြဿနာ ဆက်လက်ဖြစ်

ပေါ်နေခြင်းသည် အီးယူတစ်ဝန်း၌ ကားရောင်းချရမှုအပေါ် ဆိုးကျိုးသက်ရောက်နေဆဲဖြစ်သည်ဟု ACEA က ဆိုသည်။ ဘယ်လ်ဂျီယံနိုင်ငံရှိ ကားအရောင်းလုပ်ငန်းများသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကားအသစ် (၃၃,၉၄၇) စီးသာ ရောင်းချခဲ့ရပြီး၊ ၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် (၁၀) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အလားတူ အီးယူအဖွဲ့ဝင်နိုင်ငံအများစု၌ ယခုနှစ်၊ ဇန်နဝါရီလတွင် ကားသစ်ရောင်းချရမှု ကျဆင်းခဲ့ပြီး၊ ဥရောပအလယ်ပိုင်းနိုင်ငံ အချို့၌သာ အရောင်းမြင့်တက်ခဲ့ကြောင်း၊ ကားသစ်ရောင်းချရမှုသည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလနှင့် နှိုင်းယှဉ်လျှင် ချက်သမ္မတနိုင်ငံ၌ (၉.၉) ရာခိုင်နှုန်း၊ ရိုမေးနီးယားနိုင်ငံ၌ (၅၅.၅) ရာခိုင်နှုန်းနှင့် ဆလိုဗက်ကီးယားနိုင်ငံ၌ (၇၂.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရပါသည်။ အနောက်ဥရောပနိုင်ငံများအနက် BMW၊ Mercedes Benz နှင့် Volkswagen ကားအမျိုးအစားများထုတ်လုပ်သည့် ဂျာမနီနိုင်ငံ၌သာ ကားသစ်စီးရေ (၁၈၄,၁၁၂) စီးရောင်းချခဲ့ရပြီး၊ ယခင်နှစ်ကာလတူထက် (၈.၅) ရာခိုင်နှုန်း အရောင်းမြင့်တက်ခဲ့ပါသည်။ အီးယူပြင်ပနိုင်ငံများအနက် ဗြိတိန်နိုင်ငံ၌ ကားသစ်ရောင်းချရမှု တိုးတက်ခဲ့သော်လည်း အမေရိကန်နိုင်ငံတွင် ကျဆင်းခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဗြိတိန်နိုင်ငံရှိ ကားအရောင်းလုပ်ငန်းများမှ ကားသစ်ရောင်းချမှုသည် ယခင်နှစ်ကထက် (၂၇.၅) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ သို့သော် အမေရိကန်နိုင်ငံ၌ အလားတူကာလအတွင်း ကားသစ်ရောင်းချရမှုသည် (၈.၃) ရာခိုင်နှုန်းဖြင့် ကျဆင်းခဲ့သည်ဟု မော်တော်ယာဉ်ဆိုင်ရာ သုတေသနလုပ်ငန်း J.D. Power က ခန့်မှန်းထားကြောင်း သိရပါသည်။

Source- (https://www.brusselstimes.com/belgium/206784/record-low-january-sales-for-new-cars) (စီးပွားရေးသံမှူး-ဘယ်လ်ဂျီယံ)

## ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါလှိုင်းအသစ် ကူးစက်မှုကြောင့် ဟောင်ကောင်ဒေသ စီးပွားရေး လျော့ကျ

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါလှိုင်းအသစ် ကူးစက်ပျံ့နှံ့လာမှုအရ ဒေသအစိုးရမှ ကန့်သတ်ချက်အသစ်များ သတ်မှတ်ခဲ့မှုကြောင့် ဇန်နဝါရီလအတွင်းဟောင်ကောင်ဒေသ၏ စီးပွားရေးလျော့ကျသွားကြောင်း ၈-၂-၂၀၂၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ "PMI survey show Hong Kong Economy contracted over fresh virus wave" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။ အဆိုပါသတင်းဆောင်းပါး၌ ဒေသအစိုးရ၏ ကိုဗစ်-၁၉ ကူးစက်မှု လုံးဝကင်းစင်ရေး နည်းဗျူဟာအပေါ် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့သည့် ဖိအားများကြောင့် အာရှ၏ ငွေကြေးအချက်အချာကျသည့် ဟောင်ကောင်အတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကူးစက်မှု လုံးဝကင်းစင်ရေး နည်းဗျူဟာကြောင့် ကူးစက်မှုလျော့နည်းစေရန် တင်းကျပ်သည့် နယ်စပ်ဖြတ်ကျော်မှုများ ထိန်းချုပ်မှုများနှင့် ဒေသတွင်း အစီအမံများကြောင့် ဟောင်ကောင်ဒေသသည် နိုင်ငံအများအပြားနှင့် သီးခြားဖြစ်လျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများမှာ ၇-၂-၂၀၂၂ ရက်နေ့မှစတင်၍ ကူးစက်မှုအရေအတွက် အများအပြားရှိခဲ့ပြီး စံချိန်တင်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးလုပ်ငန်းများအား ထိခိုက်လျက်ရှိပြီး Purchasing Managers' Index မှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် (၅၀.၈) ရှိခဲ့ရာမှ (၄၈.၉) ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ရာ စံသတ်မှတ်ချက်၏ (၅၀) ရာခိုင်နှုန်းအောက်သို့ ရောက်ရှိသွားကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ဆိုးရွားလာသောကြောင့် ဟောင်ကောင်ဒေသ၏ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းဆောင်ရွက်မှုများအတွက် ရုတ်တရက် လျော့ကျမှုများ ဖြစ်ပွားစေခဲ့ပြီး ၂၀၂၁ ခုနှစ် နှစ်ဦးပိုင်းကာလနှင့် နှိုင်းယှဉ်လျှင် ဝယ်လိုအားနှင့် ရောင်းလိုအား နှစ်ခုလုံးလျော့ကျလျက်ရှိကြောင်းစသည်ဖြင့်ဖော်ပြထားပါသည်။

Source- (စီးပွားရေးသံမှူး-ဟောင်ကောင်)

## ဟောင်ကောင်ဒေသ၌ ဟင်းသီးဟင်းရွက်ဈေးနှုန်းများ ပြန်လည်မြင့်တက်လာ

ဟောင်ကောင်ဒေသ၌ ဟင်းသီးဟင်းရွက် ဈေးနှုန်းများ ဆက်လက်မြင့်တက်လာမှုကြောင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရန် Wen-jindu နယ်စပ်ဂိတ်အား အထူးအစီအစဉ်အနေဖြင့် ရှန်းကျန့်မြို့မှ သတ်မှတ်ပေးခဲ့ကြောင်း ၃-၂-၂၀၂၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Shenzhen designates border point for fresh goods as vegetable price rebounds" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။ အဆိုပါသတင်းဆောင်းပါး၌ ကုန်ပစ္စည်းများယာယီဖလှယ်ရန် Wenjindu နယ်စပ်ဂိတ်နေရာမှာ သေးငယ်ပြီး တရုတ်ပြည်မကြီးမှ ယာဉ်မောင်း(၄၀၀)ဦးခန့်သာ Quarantine နေထိုင်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ကုန်ပစ္စည်းများ ဖလှယ်သည့်အစီအစဉ်အား ပယ်ဖျက်ပြီး ကုန်ပစ္စည်းများအား တရုတ်ပြည်မကြီးမှ တိုက်ရိုက်သယ်ယူခွင့်ပြုသင့်ကြောင်း၊ တရုတ်ပြည်မကြီးမှ ယာဉ်မောင်းများ မရရှိနိုင်မှုကြောင့် ဟင်းသီးဟင်းရွက်များနှင့် အေးခဲဝက်သား

များအပေါ် သက်ရောက်မှုများရှိနေပြီး ဟောင်ကောင်ဒေသရှိ Wet Market များ၌ ၁၃-၂-၂၀၂၂ ရက်နေ့တွင် မုန်ညင်းရွက် ဈေးနှုန်းမှာ ၆၀ ကျပ်သား (Per catty) လျှင် ဟောင်ကောင် ဒေါ်လာ ၃၀ ဒေါ်လာဖြင့် ရောင်းချခဲ့ကြကြောင်း၊ ဟင်းသီး ဟင်းရွက်ဈေးနှုန်းမှာ ၅၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဟင်းသီးဟင်းရွက်များ ဆက်လက်ဝယ်ယူ ရန် လိုအပ်လျက်ရှိသည်ဟု ဈေးဝယ်ယူသူများမှ ပြောကြားခဲ့ ကြောင်း ရေးသား ဖော်ပြထားပါသည်။

ဟင်းသီးဟင်း ရွက်ရောင်းချသည့် ဆိုင်ရှင်မှပြောကြား ရာတွင် ဟင်းသီးဟင်းရွက် အမျိုးအစားများ ဝယ်ယူရရှိနိုင်မှု မှာလည်း ယခင်နှင့်နှိုင်းယှဉ်လျှင် ထက်ဝက်ခန့်သာရှိကြောင်း၊ သို့သော်သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များမှာ မြင့်တက် လျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသသို့ တင်သွင်းလာသည့် ဟင်းသီးဟင်းရွက်များမှာ လုံလောက်မှုမရှိကြောင်း၊ သို့ဖြစ်ရာ Wenjindu နယ်စပ်ဂိတ်အား အထူးနယ်စပ်ဂိတ်အဖြစ် သတ် မှတ်ပြီး လတ်ဆတ်သောဟင်းသီးဟင်းရွက်များ ပို့ဆောင်မည့် ကုန်ကားများ ဖြတ်သန်းရန် အဆင်ပြေချောမွေ့စေရေး ရှန်း ကျန့်မြို့နယ်စပ်ဂိတ်ရုံးမှ သတ်မှတ်ပေးခဲ့ကြောင်း၊ အခြားသော ပစ္စည်းပို့ဆောင်သည့် ကုန်ကားများမှာ အခြားနယ်စပ်ဂိတ်များ မှ ဖြတ်ကျော်ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယခု လက်ရှိတွင် တရုတ်ပြည်မကြီးမှ လတ်ဆတ်သော ဟင်းသီးဟင်းရွက် ပို့ ဆောင်သည့် ကုန်ကားမောင်းနှင်သူများသည် ကုန်ပစ္စည်းဖ လှယ်သည့်နေရာ၌ ဟောင်ကောင်ဒေသမှ နယ်စပ်ဖြတ်ကျော် ကုန်ကားမောင်းနှင်သူများသို့ လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ ယခုရက်ပိုင်းအတွင်းတွင် ယာဉ်မောင်းအချို့၌ ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့ပြီးနောက် နယ်စပ်ဂိတ်များအား ပိုးသတ်ဆေး ဖျန်းခြင်းများ လုပ်ဆောင်ခဲ့မှုကြောင့် ဟင်းသီးဟင်းရွက်များ ပို့ဆောင်မှုအား အနှောင့်အယှက်ဖြစ်ပေါ်စေခဲ့ကြောင်း၊ ရှန်း ကျန့်ဒေသအစိုးရမှ ယာယီကုန်ပစ္စည်းဖလှယ်ရန်နေရာ ချက် ချင်းသတ်မှတ်ပေးခဲ့သော်လည်း ဟင်းသီးဟင်းရွက်များနှင့် အေးခဲဝက်သားများ တင်သွင်းမှုအပေါ်သက်ရောက်မှုများ ရှိ နေဆဲဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအတွက် စားသောက်ကုန် များ သယ်ယူပို့ဆောင်ရေး သွက်လက်မြန်ဆန်စေရန်နှင့် ပုံမှန် အခြေအနေသို့ မြန်ဆန်စွာပြန်လည်စတင်နိုင်ရန် အစီအစဉ် များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တရုတ်ပြည်မ ကြီးမှ တာဝန်ရှိသူများနှင့် ဟောင်ကောင်ဒေသအစိုးရတို့ အ ကြား နီးကပ်စွာအတူတကွ လုပ်ကိုင်ဆောင်ရွက်လျက်ရှိ ကြောင်း၊ အချို့သော ဟောင်ကောင်ဒေသခံများသည် region -nal lockdown သတ်မှတ်မည်ကို စိုးရိမ်ပူပန်လျက်ရှိသော ကြောင့် စူပါမားကတ်များသို့ သွားရောက်၍ ကုန်ပစ္စည်းများ ပိုမိုဝယ်ယူခဲ့ကြကြောင်း၊ သို့သော် တရုတ်ပြည်မကြီးမှ လတ် ဆတ်သော ကုန်ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်များအား မကြာမီ ပုံမှန်တင်သွင်းနိုင်မည်ဖြစ်သောကြောင့် စားသုံးသူ များ အထိတ်တလန့်မဝယ်ယူအောင် ချင့်ချိန်၍ ခွဲတမ်းစနစ် ဖြင့် ရောင်းချပေးရန် ဟောင်ကောင်ဒေသအစိုးရ စားသုံးသူ ရေးရာကောင်စီမှ လက်လီရောင်းချသည့် ဆိုင်ရှင်များအား ပြောကြားထားကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

Source- (စီးပွားရေးသံမှူး-ဟောင်ကောင်)

## ဟောင်ကောင်ဒေသ၌ အချို့သော ဆန်ခေါက်ဆွဲ ခြောက်ထုပ်များတွင် ကင်ဆာဖြစ်ပွားစေနိုင်သော ပစ္စည်းအနည်းငယ် ပါဝင်လျက်ရှိ

ဟောင်ကောင်ဒေသ၌ အချို့သောဆန်ခေါက်ဆွဲခြောက် ထုပ်သုံးပုံတစ်ပုံတွင် ကင်ဆာရောဂါဖြစ်ပွားစေနိုင်သော ပစ္စည်း အနည်းငယ်ပါဝင်လျက်ရှိသည်ကို ဟောင်ကောင် စားသုံးသူ ရေးရာကောင်စီမှတွေ့ရှိခဲ့ကြောင်း ၁၆-၂-၂၀၂၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Dash of Carcinogen in some package rice noodles" ခေါင်းစဉ်ဖြင့် ရေးသားဖော် ပြထားပါသည်။ အဆိုပါ သတင်းဆောင်းပါး၌ ဆန်ခေါက်ဆွဲ ခြောက်များဖြစ်သည့် ကြာဇံ၊ ဆန် ခေါက်ဆွဲခြောက်အပြား၊ တရုတ် ဆန်ခေါက်ဆွဲခြောက်၊ ထိုင်းဆန်ခေါက်ဆွဲခြောက်၊ ကိုရီးယား ဆန်ခေါက်ဆွဲခြောက်နှင့် လတ်ဆတ်သော ဆန် ခေါက်ဆွဲနမူနာ (၂၀) မှ (၃၀) ခု အကြား စစ်တမ်းကောက် ယူခဲ့ရာ (၈၀) ရာခိုင်နှုန်းကျော်တွင် သတ္တုပစ္စည်းများ တွေ့ရှိ ခဲ့ကြောင်း၊ စစ်တမ်းကောက်ယူခဲ့သည့် ဆန်ခေါက်ဆွဲနမူနာ (၉) ခုတွင် ကင်ဆာဖြစ်ပွားစေနိုင်သော inorganic arsenic ကိုလည်းကောင်း၊ နမူနာ (၂၄) ခုတွင် သံဖြူကဲ့သို့ ပြာလဲ့လဲ့ အဖြူရောင်ရှိသော ဓါတုဒြပ်စင် (Cadmium) ကိုလည်းကောင်း နှင့် နမူနာ (၁၄) ခုတွင် ခရိုမီယံဓါတ်သတ္တု(Chromium)ကို လည်းကောင်းအသီးသီးတွေ့ရှိခဲ့ကြောင်း၊ သတ္တုဒြပ်စင်များ ပါဝင်သည့် မြေတွင် စိုက်ပျိုးထားသောဆန်အား အသုံးပြု၍ ထုတ်လုပ်ထားသော ခေါက်ဆွဲများတွင် သတ္တုဒြပ်စင်များပါ ဝင်မှု မြင့်မားမည်ဖြစ်ကြောင်း၊ ဆန်ခေါက်ဆွဲနမူနာ(၁၇) ထုပ် တွင် ကုန်ပစ္စည်းတွင် ပါဝင်သည့် အာဟာရဓါတ် အညွှန်းများ ရေးသားခြင်းနှင့် ပတ်သက်၍ Centre for Food Safety's အဖွဲ့၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်ရန် လိုအပ်လျက်ရှိ သည်ကို တွေ့ရှိခဲ့ကြောင်း၊ ဆန်ခေါက်ဆွဲနမူနာ (၂) ခုတွင် Gluten အား တွေ့ရှိခဲ့ပြီး ခံနိုင်ရည်မရှိသောသူများ စားသုံးမိ ပါက အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ လည်ချောင်းနာခြင်းနှင့် နှင်းခူရောဂါတို့ ဖြစ်ပွားစေနိုင်ကြောင်း၊ သို့ဖြစ်ရာ ထုတ်လုပ်

သူများအနေဖြင့် ၎င်းတို့ကုန်ပစ္စည်းများတွင် ပါဝင်သည့်ပစ္စည်းများ၏ အာဟာရဓါတ်ဆိုင်ရာ အချက်အလက်များကို ပုံမှန်စစ်ဆေးသင့်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဆန်အမျိုးအစား မတူညီခြင်း၊ စိုက်ပျိုးသည့် ပင်ရင်းဒေသနှင့်ရာသီဥတုအစရှိသည့် မတူညီသည့်အချက်များမှလည်း ဆန်ခေါက်ဆွဲများတွင် အဓိကပါဝင်သည့် အာဟာရဓါတ် ပမာဏ အပေါ်သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်ရာ ဆန်ခေါက်ဆွဲထုတ်လုပ်သူအနေဖြင့် ၎င်းထုတ်လုပ်ရန် အသုံးပြုသည့်ဆန်ကုန်ကြမ်း စိုက်ပျိုးရာ ပင်ရင်းဒေသ (သို့မဟုတ်)ရာသီဥတု ပြောင်းလဲမှု ပြင်းထန်သည်ကို သိရှိပါက အာဟာရဓါတ် ပါဝင်မှုအညွှန်း ဖော်ပြနိုင်ရန် စစ်ဆေးမှုများ မကြာခဏ ပြုလုပ်သင့်ကြောင်း၊ စားသုံးသူများအနေဖြင့်လည်း ဆန်ခေါက်ဆွဲများတွင် ဆိုဒီယံပါဝင်မှုကို သတိထားသင့်ကြောင်း၊ အရွယ်ရောက် လူတစ်ဦးအတွက် တစ်နေ့လျှင် ဆိုဒီယံ (၂,၀၀၀) မီလီဂရမ်အောက်သာ စားသုံးသင့်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထုတ်ပြန်ထားကြောင်း၊ ဆန် ခေါက်ဆွဲ နမူနာ (၂၈) ခုတွင် ဆားပါဝင်မှုအား ဖော်ပြထားခြင်းမရှိကြောင်း၊ ဆန်ခေါက်ဆွဲ နမူနာ (၃) ခုတွင် ဆားပါဝင်မှုမှာ (၂၁၅) မီလီဂရမ်မှ (၄၂၂) မီလီဂရမ် အကြားပါရှိရာ ဆား ပါဝင်မှု မြင့်မားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ စားသုံးသူများအနေဖြင့် ဆန်ခေါက်ဆွဲ ခြောက်ထုပ်များတွင် ဖော်ပြထားသည့် ပါဝင်ပစ္စည်းများစာရင်းနှင့် အာဟာရဓါတ်ဆိုင်ရာအညွှန်းစာများကို စစ်ဆေးသင့်ကြောင်း၊ အစာချေဖျက်သည့်စနစ်အားနည်းသူများ အနေဖြင့် ကစီဓါတ်မပါဝင်သည့် ဆန်ခေါက်ဆွဲများကို ရွေးချယ်စားသုံးသင့်ကြောင်း၊ ဆိုဒီယံဓါတ် အများအပြား စားသုံးမှုမှ ရှောင်ရှားနိုင်ရန် ခေါက်ဆွဲပြုတ် စားသုံးရာတွင် ဟင်းခတ်အမွှေးအကြိုင်များ၊ အချဉ်များနှင့် စွပ်ပြုတ်များ သောက်သုံးခြင်းများကို ရှောင်ရှားသင့်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

Source- (စီးပွားရေးသံမှူး-ဟောင်ကောင်)

## ဘရာဇီးလ်နိုင်ငံမှ ပြောင်းစေ့တန်ချိန် ၅ သန်းဝယ်ယူရန် အီရန်နိုင်ငံနှင့်သဘောတူညီမှုရရှိ



ဘရာဇီးလ်နိုင်ငံမှ ပြောင်းစေ့တန်ချိန် ၅ သန်းအား ဝယ်ယူရန် အီရန်နိုင်ငံနှင့် သဘောတူညီမှုရရှိခဲ့ပြီး အပြန်အလှန်အားဖြင့် ဘရာဇီးလ်နိုင်ငံက အီရန်ဓာတ်မြေဩဇာများကို ပြန်လည်ဝယ်ယူ တင်သွင်းသွားမည်ဖြစ်ကြောင်း၊ ဘရာဇီးလ်စိုက်ပျိုးရေးဝန်ကြီး၏ အီရန်ခရီးစဉ်အတွင်းတွင် အီရန် စိုက်ပျိုးရေးဒုတိယအတွင်းဝန် ဦးဆောင်သည့် ဓာတ်မြေဩဇာ ထုတ်လုပ်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် အဆိုပါ သဘောတူညီချက်အား ထုတ်ပြန်နိုင်ခဲ့ကြောင်း Mato Grosso ပြည်နယ်၏ ပဲပုတ်စေ့နှင့် ပြောင်းစိုက်ပျိုးထုတ်လုပ်သူများအသင်း (Aprosoja-MT) ဥက္ကဋ္ဌ Fernando Cadore က ပြောကြားခဲ့သည်။ ဘရာဇီးလ်နိုင်ငံနှင့် အီရန်နိုင်ငံအကြား ကုန်ပေးကုန်ယူစနစ်ဖြင့် ဘရာဇီးလ်ပြောင်းစေ့နှင့် အီရန်ဓာတ်မြေဩဇာတို့ကို တိုက်ရိုက်လဲလှယ်နိုင်မှုသည် ကုန်သွယ်မှုတွင် ဘရာဇီးလ်အစိုးရ၏ ဗျူရိုကရေစီလုပ်ငန်းစဉ်များအား ဖြေလျှော့ပေးမှုတစ်ရပ်အဖြစ်ရှုမြင်ရကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူနှင့် ဓာတ်မြေဩဇာထုတ်လုပ်သူတို့ အချင်းချင်း ကုန်ပစ္စည်းတိုက်ရိုက်လဲလှယ်နိုင်မှုကြောင့် နှစ်ဦးနှစ်ဘက်တွင် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ဝန်ကြီး Teresa Cristina ၏ အီရန်နိုင်ငံခရီးစဉ်တွင် သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးများလိုက်ပါသွားခဲ့ပြီး ဘရာဇီးလ်စိုက်ပျိုးထုတ်လုပ်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲများကို အောင်မြင်စွာဖြေရှင်းနိုင်ခဲ့သည့်အပြင် ဘရာဇီးလ် - အီရန် နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးလုပ်ငန်းများကို ဆွေးနွေးနိုင်ခဲ့ကြောင်း အသင်းဥက္ကဋ္ဌ Fernando Cadore က ပြောကြားခဲ့သည်။ ထို့အပြင် ဘရာဇီးလ်စိုက်ပျိုးရေးလုပ်ငန်းရှင်များ ရင်ဆိုင်နေရသည့် အခက်အခဲများသည် ဝန်ကြီး၏ခရီးစဉ်သွားရောက်ပြီးနောက် အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်ခဲ့ကြောင်း၊ ဘရာဇီးလ်လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ကုန်ထုတ်စွမ်းအား မြင့်မားစွာတည်ရှိနေမှုအပေါ် စွမ်းအားပြည့်ထိရောက်စွာ အသုံးပြုနိုင်ရန်နှင့် အီရန်နိုင်ငံသို့ ကျန်းမာရေး ဘေးကင်းလုံခြုံမှုရှိသော စားသောက်ကုန်များ ပိုမိုတိုးတက်တင်ပို့နိုင်ရန်အတွက်လည်း အလေးထားလုပ်ဆောင်သွားသင့်ကြောင်း Cadore က တိုက်တွန်းပြောကြားခဲ့သည်။

Source – canalrural.com.br (စီးပွားရေးသံမှူး-ဘရာဇီးလ်)

## ယူကရိန်းနိုင်ငံအတွင်း ရုရှားတပ်များဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ကမ္ဘာ့ဈေးကွက်တွင် ကုန်ပစ္စည်းဈေးနှုန်းများ ရုတ်ချည်းမြင့်တက်

ယူကရိန်းနိုင်ငံအတွင်းသို့ဝင်ရောက်၍ စစ်ရေးလှုပ်ရှားမှုများ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ရုရှနိုင်ငံ၏ ကြေ



Photo: Pixabay

ညာချက်ထွက်ထွက်ပေါ်ခဲ့ပြီးနောက် ကမ္ဘာ့ဈေးကွက်ရှိ စားသောက်ကုန်နှင့် လူသုံးကုန်ဈေးနှုန်းများအပါအဝင် ကမ္ဘာ့လောင်စာစွမ်းအင်ကြိုပွိုင့်ဈေးနှုန်းများ ရုတ်ချည်းထိုးတက်သွားခဲ့ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ယနေ့ဖြစ်ပေါ်ခဲ့သည့် ဘရန့်ရေနံစိမ်း ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ အထက်သို့ ကျော်လွန်ရောက်ရှိမှုသည် ၂၀၁၄ ခုနှစ်ကာလနောက်ပိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ဘရန့်ရေနံစိမ်းအပါအဝင် Crude Oil WTI(West Texas Intermediate) ဈေးနှုန်းများမှာလည်း တစ်ရက်အတွင်း ၈ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ ခုန်တက်သွားခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ထို့အပြင် ရုရှားစစ်တပ်များ ယူကရိန်းနယ်စပ်သို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးနောက် ကမ္ဘာ့ဈေးကွက်တွင် ကုန်ပစ္စည်းဈေးနှုန်းများ ရုတ်ချည်းထိုးတက်သွားခဲ့ကြောင်း၊ ထို့အပြင် သဘာဝဓာတ်ငွေ့ဈေးနှုန်းများလည်း ၆.၁ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင်လည်း ရွှေဈေးနှုန်းများ ၃.၃ ရာခိုင်နှုန်းအထိ မြင့်တက်သွားခဲ့ပြီး ရွှေအလေးချိန် ၁ ပေါင်လျှင် ၁၉၇၀.၂၀ အထိ ဈေးနှုန်းများဖြစ်ပေါ်ခဲ့ကြောင်း ဈေးကွက်သတင်းတွင် ဖော်ပြထားသည်။

အစောပိုင်းလများကတည်းက ရုရှားနှင့်ယူရိန်းနယ်စပ်တစ်လျှောက်တွင် ရုရှားတပ်များအား နေရာချထားခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၂၄ ရက်နေ့နံနက်အစောပိုင်းတွင် ရုရှားတပ်များအား ယူကရိန်းနိုင်ငံအတွင်းသို့ဝင်ရောက်ရန် ရုရှားသမ္မတ Vladimir Putin က အမိန့်ပေးခဲ့ကြောင်း၊ ရုရှားကိုလိုလားသော ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ နယ်မြေ ( ၂ )ခု၏ ကိုယ်ပိုင်နိုင်ငံအဖြစ် သီးခြားခွဲထွက်မှုအပေါ် ရုရှားနိုင်ငံမှအသိအမှတ်ပြုကြောင်း လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးနောက်တွင် ရုရှားတပ်များ၏တိုက်ခိုက်မှုများ စတင်ပေါ်ပေါက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ယူကရိန်းနိုင်ငံ၏မြို့တော် Kiev မြို့တွင် ပေါက်ကွဲသံများကြားနေရပြီး မြို့တော်၏ လေဆိပ်ကိုလည်း ပိတ်ထားလိုက်ပြီဖြစ်ကြောင်း ဒေသခံပြည်သူအများစုသည် မြို့တော်ထွက်ခွာရန် ကြိုးစားနေကြကြောင်း ဒေသတွင်းသတင်းဌာန၏ ထုတ်လွှင့်ချက်ကို သတင်းတွင်ဖော်ပြထားသည်။ ရုရှားနိုင်ငံ၏တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ရုရှားတို့၏ ကျူးကျော်ရန်စသည့် စစ်ပွဲသည် စတင်ခဲ့ပြီဖြစ်ကြောင်းနှင့် ရုရှားတို့၏ ဝင်ရောက်တိုက်ခိုက်မှုအပေါ် ရုရှားသမ္မတထံသို့ ကမ္ဘာ့ခေါင်းဆောင်များက ချက်ချင်းတားမြစ်ပေးရန် တောင်းဆိုကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး Dmytro Kuleba က ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားထားမှုအား သတင်းတွင်ဖော်ပြခဲ့သည်။ အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ ပထမအဆင့်အနေဖြင့် ရုရှားနိုင်ငံ၏ဘဏ်များနှင့် တစ်ဦးချင်းပိုင်ဆိုင်မှုများအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်သွားမည်ဖြစ်ကြောင်းနှင့် ဒုတိယအဆင့်အနေဖြင့် ပိတ်ဆို့မှုများအား များမကြာမီကာလအတွင်း ကျယ်ပြန့်စွာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်၊ ကနေဒါ၊ ဗြိတိန်၊ ဥရောပသမဂ္ဂနှင့် သြစတေးလျ တို့အပြင် ဂျပန်နိုင်ငံတို့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

စစ်ဖြစ်နိုင်မည့်သတိပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်ခဲ့သော်လည်းရုရှားတပ်များက ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ရန် မျှော်လင့်မထားကြကြောင်း၊ လောင်စာစွမ်းအင်နှင့်ပတ်သက်၍ ဥရောပနိုင်ငံများနှင့် ရုရှားနိုင်ငံတို့သည် တစ်ဦးကိုတစ်ဦး အမှီသဟဲပြုနေရကြောင်း၊ ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့အကြား ဆိုးရွားသည့် စစ်ရေးအခြေအနေဖြစ်ပေါ်နေသော်လည်း အခြေအနေများ ပြန်လည်တည်ငြိမ်နိုင်မည့် ကမ်းလှမ်းချက်များထွက်ပေါ်လာရန် မျှော်လင့်လျက်ရှိနေကြကြောင်း ကမ္ဘာ့အရေးလေ့လာသူ Oanda က သတင်းဌာနသို့ပြောကြားခဲ့သည်။ ထို့အပြင် ယခုစစ်ပွဲ၏အကျိုးဆက်ကြောင့် စွမ်းအင်ကဏ္ဍအပေါ်တွင် ဆိုးကျိုးရိုက်ခတ်မှုများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများကြောင့် ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးကွက်အပေါ်တွင် ထိခိုက်မှုများကြီးထွားလာမည်ကို ကမ္ဘာ့နိုင်ငံများက စိုးရိမ်လျက်ရှိကြကြောင်း သတင်းတွင်ဖော်ပြထားသည်။ ယူကရိန်းနိုင်ငံ၏ အခြေအနေဆိုးရွားလာသည်နှင့်အမျှ ကမ္ဘာ့လောင်စာစွမ်းအင်ဈေးကွက်အပေါ်တွင် ရိုက်ခတ်မှုများရှိလာမည်ဖြစ်ကြောင်း၊ ဥရောပနိုင်ငံအများစုသည် ရုရှားနိုင်ငံမှထုတ်လုပ်သော သဘာဝဓာတ်ငွေ့အပေါ်တွင် အဓိကမှီခိုရလျက်ရှိရာ ပိတ်ဆို့မှုများကြောင့်ဖြစ်ပေါ်လာမည့် သဘာဝဓာတ်ငွေ့လိုအပ်ချက်အား သဘာဝဓာတ်ငွေ့များ တင်ပို့နေသည့် အမေရိကန်နိုင်ငံက ဝင်ရောက်ဖြေရှင်းပေးနိုင်ပါက သဘာဝ

ဓာတ်ငွေ့ရရှိနိုင်မှုအပေါ်တွင် အထိုက်အလျှောက်ပြေလည်မှု ရှိနိုင်မည်ဖြစ်ကြောင်း Wall Street Bank မှ သုသေတန ပညာရှင် Goldman Sachs က ပြောကြားခဲ့သည်။ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ဘရာဇီးလ်နိုင်ငံစံတော်ချိန် နံနက် ၉ နာရီ အချိန်တွင် ကမ္ဘာ့ဈေးကွက်အတွင်းရှိ WTI ရေနံစိမ်း ၁ စည် တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၉၉.၁၃ ဈေးနှုန်း ဖြစ်ပေါ်ခဲ့သဖြင့် ယခင်နေ့ကထက် ၇.၆၃ ရာခိုင်နှုန်း မြင့်တက်သွားခဲ့ကြောင်း၊ ဘရန့်ရေနံစိမ်းဈေးနှုန်းများသည် ICE platform (the Intercontinental Exchange Inc.) အပေါ်တွင် ဖြစ်ပေါ်လျက်ရှိရာ ဧပြီလအတွက် ကြိုပို့ငွေ့ရေနံစိမ်း ၁ စည်တန်ဖိုးသည် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တစ်ရက်တည်းအတွင်း ၈ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ အဆိုပါ ဈေးနှုန်းရုတ်ချည်းမြင့်တက်မှုသည် ၂၀၁၄ ခုနှစ်နောက်ပိုင်း ကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ရေနံစိမ်း ၁ စည်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀၀ အထက်သို့ ကျော်လွန်သွားခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

Source – canalrural.com.br, bloomberg.com, noticiasagricolas.com (စီးပွားရေးသံမှူး- ဘရာဇီးလ်)

## ဂျပန်အစိုးရ၏ မူဝါဒပိုင်း ချမှတ်ပံ့ပိုးဆောင်ရွက်မှု

ဂျပန်အစိုးရသည် မကြာခဏဖြစ်ပွားတတ်သောလျောင်ဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှုစသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန်၊ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ဘေးကင်းလုံခြုံစေရန်၊ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ၏ သက်ရောက်မှုမှ တုန့်ပြန်နိုင်ရန်နှင့် ကာကွယ်ထိန်းချုပ်နိုင်ရန်၊ နိုင်ငံ၏ စီးပွားရေးထိခိုက်မှုနှင့် ငွေကြေးဈေးကွက်အခြေအနေတည်ငြိမ်စေရန်၊ ပြည်သူတို့၏အလုပ်အကိုင်အခြေအနေများ တည်ငြိမ်ကောင်းမွန်စေရန်တို့ကို ရည်မှန်းချက်ထားကာ ခိုင်မာသော ငွေကြေးမူဝါဒ၊ လိုက်လျောညီထွေရှိသော ဘဏ္ဍာရေးမူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများကို ချမှတ်ကာ အားထုတ်ကြိုးပမ်းဆောင်ရွက်နေပါသည်။ အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲသစ်ကူးစက်ပြန့်ပွားမှုမှ ထိန်းချုပ်နိုင်ရန် ဇန်နဝါရီလ ၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ စီရင်စု (၃) ခုအပေါ် ကူးစက်မှုကာကွယ်ရေး ဦးစားပေးမှုအစီအမံများ ချမှတ်ခဲ့ပါသည်။ ၎င်းနောက် အိုမီခရွန်မျိုးကွဲသစ် ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးအတွက် မြို့တော်တိုကျိုအပါအဝင် စီရင်စု ၁၃ ခုတို့အား တစ်စိတ်တစ်ပိုင်း အရေးပေါ်အခြေအနေ (quasi-emergency status) ကို ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့ပါသည်။ အစိုးရသည် ထပ်မံကူးစက်လာနိုင်သောအန္တရာယ်ကိုကြိုတင်ရည်မှန်းကာ လိုအပ်သည်များပြင်ဆင်ခြင်း၊ ရောဂါပိုးထပ်မံ ကူးစက်မှုမြင့်တက်လာခြင်းမှ ရှောင်ရှားနိုင်ရန် ရောဂါပိုးရှာဖွေစစ်ဆေးခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ မတ်လနောက်ပိုင်းတွင် အများပြည်သူတို့အတွက် တတိယအကြိမ် အားဖြည့်ကာကွယ်ဆေးထိုးနှံမှုကို အရှိန်အဟုန်မြင့်ဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိရာ ပြည်သူများ၏ နေ့စဉ်ဘဝနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များကို လူနေမှုပုံစံသစ်နှင့်အညီ အသားတကျနေထိုင်နိုင်ရေးကို ရှေ့ရှုဆောင်ရွက်နေပါသည်။ ပြည်တွင်းနှင့်ပြည်ပတွင် ကိုရိုနာကူးစက်ရောဂါပြန့်ပွားမှုအခြေနေများ၊ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများ၏ စီးပွားရေးအလားအလာများ၊ နိုင်ငံသားတို့အပေါ် အကျိုးသက်ရောက်မှုများ စသည်တို့ကို စနစ်တကျ ချင့်ချိန်သုံးသပ်၍ နှောင့်နှေးမှုမရှိစေရန် ကြိုးပမ်းနေပါသည်။

ဂျပန်ဗဟိုဘဏ်မှလည်း စီးပွားရေးလုပ်ငန်းများလည်ပတ်မှု အဆင်ပြေစေရန်နှင့် ဘဏ္ဍာရေးဈေးကွက်တည်ငြိမ်မှုရှိစေရန် ငွေကြေးမူဝါဒများကို အတတ်နိုင်ဆုံး ဖြေလျှော့ပေးခြင်းဖြင့် ပံ့ပိုးပေးနေပါသည်။ အစိုးရမှလည်း ဂျပန်ဗဟိုဘဏ်အနေဖြင့် ကူးစက်ရောဂါ၏ နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှုများကို အလေးထားဆောင်ရွက်ရန်၊ သင့်လျော်သည့်ငွေကြေးမူဝါဒစီမံခန့်ခွဲမှုကိုကြီးကြပ်ဆောင်ရွက်ရန်နှင့် ပြည်တွင်းစီးပွားရေးဆောင်ရွက်ချက်အနေအထား အပေါ်မူတည်၍ ကုန်ဈေးနှုန်းတည်ငြိမ်မှုနှင့် ငွေကြေးဈေးကွက်အခြေအနေများကို တည်ငြိမ်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားရန် မျှော်မှန်းထားပါသည်။ ထို့အပြင် ဂျပန်နိုင်ငံ၏ ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် ကနဦးဘတ်ဂျက်အဖြစ် ယန်း ၁၀၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၅၀ ဘီလီယံ) ကျော်ထိ လျာထားခဲ့ပါသည်။ ၎င်းပမာဏသည် ၁၀ စုနှစ်တာကာလအတွင်း အမြင့်ဆုံးလျာထားချက်ဖြစ်ကြောင်း၊ လူမှုဖူလုံရေး၊ အမျိုးသားလုံခြုံရေး နှင့်ကာကွယ်ရေးအတွက် သုံးစွဲမည့်ကုန်ကျစရိတ်များကို ချင့်တွက်ကာ ယခုကဲ့သို့ များပြားသည့် ဘတ်ဂျက်ငွေကို လျာထားခြင်းဖြစ်ပြီး အဆိုပါရန်ပုံငွေကို လွှတ်တော်၏ ခွင့်ပြုချက်ရယူရန် မလိုအပ်ဘဲအသုံးပြုနိုင်ရန် ဆုံးဖြတ်အတည်ပြုထားပါသည်။

Source–Recent Economic Developments(စီးပွားရေးသံမှူး–ဂျပန်)

## ဂျပန်နိုင်ငံမှ အဖျော်ယမကာကုမ္ပဏီ Kirin Holdings သည် မြန်မာနိုင်ငံမှ ထွက်ခွာရန် ပြင်ဆင်နေ

ဂျပန်အဖျော်ယမကာကုမ္ပဏီ Kirin Holdings သည် ၎င်း၏မိတ်ဖက်ကုမ္ပဏီ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) နှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုကို ရပ်စဲကာ မြန်မာနိုင်ငံမှ ထွက်ခွာရန်ဆုံးဖြတ်လိုက်ကြောင်း ဖေဖော်ဝါရီလ ၁၄ ရက်နေ့ (တနင်းလာနေ့) တွင် ထုတ်ပြန်ကြေငြာခဲ့ ပါသည်။ Kirin

Holdings အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ၌အရေးပေါ်အခြေအနေကြေငြာခဲ့ပြီးနောက် လုပ်ငန်းဆောင်ရွက်မှုရပ်စဲကာ ထွက်ခွာရန်ပြင်ဆင်နေသည့် ပထမဦးဆုံးသော ဂျပန်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ Kirin Holdings မှ အလုပ်အမှုဆောင်အရာရှိများသည် ၎င်းတို့အနေဖြင့် မြန်မာ့ဈေးကွက်တွင် တစ်နည်းတစ်ဖုံအားဖြင့် ဆက်လက်လုပ်ငန်းဆောင်ရွက်လိုကြောင်း ယခင်က ပြောကြားခဲ့သော်လည်း တစ်နှစ်ခန့်အကြာ စေ့စပ်ညှိနှိုင်းမှုများပြီးဆုံးပြီးနောက် နှစ်ဘက်စလုံးမှ ထိုဖက်စပ်လုပ်ငန်းကို ရပ်စဲကာ ဂျပန်ကုမ္ပဏီ Kirin Holdings ကို မြန်မာနိုင်ငံမှထွက်ခွာရန် သဘောတူခဲ့ကြပါသည်။

Kirin Holdings ၏ အလုပ်အမှုဆောင်အရာရှိချုပ် Yoshinori Isozaki က ယခု အငြင်းပွားမှုပြဿနာကို လာမည့်ဇွန်လကုန်တွင် အပြီးသတ် ဖြေရှင်းမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ငန်းဆောင်ရွက်မှုမှ နုတ်ထွက်ခြင်းကြောင့် ယန်း ၄၆.၆ သန်း (အမေရိကန်ဒေါ်လာ ၄၀၄.၃၇ သန်း) ခန့် ဆုံးရှုံးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ Kirin Holdings သည် မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့၏ လုပ်ငန်းခွဲ ၂ ခုဖြစ်သည့် Myanmar Brewery Ltd နှင့် Mandalay Brewery Ltd တို့၏ ရှယ်ယာများကို ရောင်းချရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ နုတ်ထွက်မှုသည် အဆိုပါလုပ်ငန်းခွဲ ၂ ခုတွင် လုပ်ကိုင်နေကြသည့် ဒေသခံဝန်ထမ်း ၁,၄၅၀ ဦးခန့်၏ အသက်မွေးဝမ်းကျောင်းအတွက် အရေးကြီးလှကြောင်း ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ပါသည်။ မြန်မာဘီယာအပါအဝင် ဘီယာအမှတ်တံဆိပ် ၅ မျိုးခန့် ထုတ်လုပ်နေသော Myanmar Brewery Ltd ကို Kirin Holdings မှ ၅၁ % နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) မှ ၄၉% ဖြင့် ပိုင်ဆိုင်ထားပြီး မိတ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို ရပ်တန့်ရန် Kirin Holdings အနေဖြင့် ယခုဖေဖော်ဝါရီလ၌ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

Source-https://the-japan-news.com,https://asia.nikkei.com (စီးပွားရေးသံမှူး-ဂျပန်)

## ဂျပန်နိုင်ငံသည် ဇန်နဝါရီလအတွင်း သွင်းကုန်တန်ဖိုး သိသိသာသာမြင့်တက်

ဂျပန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် ကုန်သွယ်မှုစာရင်းဇယားများအရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၏ သွင်းကုန်တန်ဖိုးသည် ယန်း ၈.၅၂ ထရီလီယံကျော်ရှိပြီး တစ်လတာအတွင်း အမြင့်ဆုံးဖြစ်ကြောင်း သိရပါသည်။ အဓိကအကြောင်းအရင်းမှာ ရေနံစိမ်းကဲ့သို့သော စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်ဖြစ်ပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် ဇန်နဝါရီလ၏ ကုန်သွယ်မှုစာရင်းဇယားများအရ ဇန်နဝါရီလ၏ သွင်းကုန်တန်ဖိုးသည် ယမန်နှစ်၏ အလားတူကာလထက် ၃၉.၆ % တိုးမြင့်လာခဲ့ပြီး တန်ဖိုးအားဖြင့် ယန်း ၈၅၂၃.၁ ဘီလီယံ အထိရှိခဲ့ပါသည်။ ၁၉၇၉ ခုနှစ်နောက်ပိုင်းလစဉ်သွင်းကုန်တန်ဖိုးများအား နှိုင်းယှဉ်ကြည့်လျှင် အများဆုံးဖြစ်ကြောင်း သိရပါသည်။

အကြောင်းအရင်းမှာ ရေနံစိမ်းတင်သွင်းမှုဈေးနှုန်းသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၇၆ % မြင့်တက်လာပြီး ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ရည် (LNG) ကဲ့သို့သော စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။ ထို့အပြင် တောင်ကိုရီးယားသို့ သံမဏိထုတ်ကုန်များ တင်ပို့မှုတန်ဖိုးသည် ယမန်နှစ်၏ အလားတူကာလထက် ၉.၆ % မြင့်တက်ခဲ့ပြီး တန်ဖိုးအားဖြင့် ယန်း ၆၃၃၂ ဘီလီယံအထိ ရှိခဲ့ပါသည်။ ကုန်သွယ်မှုလက်ကျန်တန်ဖိုးမှာ လိုငွေယန်း ၂,၁၉၁.၁ ဘီလီယံဖြစ်ကြောင်း တွေ့ရပါသည်။ဂျပန်နိုင်ငံအနေဖြင့် ခြောက်လဆက်တိုက် ကုန်သွယ်ရေးလိုငွေပြမှုဖြစ်ပေါ်နေပြီး ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလနောက်ပိုင်း ဒုတိယမြောက် အကြီးဆုံးအနေအထားဖြစ်ခဲ့သည်ဟု သိရပါသည်။

Source-https://asia.nikkei.com/, https://www. japantimes.co.jp/ (စီးပွားရေးသံမှူး-ဂျပန်)

## အိန္ဒိယက ပဲနီလေးအကောက်ခွန်နှုန်းထားကို သုညရာခိုင်နှုန်းသို့ လျှော့ချလိုက်ခြင်းကြောင့် ဩစတြေးလျစိုက်ပျိုးရေးသမားများအတွက် အခွင့်အလမ်းများရရှိ

အိန္ဒိယနိုင်ငံက ပဲနီလေးတင်သွင်းမှုအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထား လျှော့ချလိုက်ခြင်းက ရိတ်သိမ်းမှုပြီးစီးသွားသည့် ဩစတြေးလျစိုက်ပျိုးရေးသမားများ အတွက် ငွေလမ်းခင်းပေးလိုက်သကဲ့သို့ ဖြစ်သွားကြောင်း ABC သတင်းဌာနကရေးသားဖော်ပြထားသည်။ အိန္ဒိယအစိုးရသည် သီတင်းပတ်ကုန်တွင် ပဲနီလေးအတွက် အကောက်ခွန်နှုန်းကို သုညအထိ လျှော့ချမည်ဟု ကြေညာခဲ့ပြီးနောက် ချက်ချင်းအကျိုးသက်ရောက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ကုလားပဲအတွက် အကောက်ခွန်နှုန်းထားကို ၆၆ % ဖြင့် စည်းကြပ်ကောက်ခံဆဲဖြစ်ကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ပဲနီလေးနှင့်ကုလားပဲအတွက် အကောက်ခွန်နှုန်းထားကို ၃၃ % သတ်မှတ်ခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်တွင် ပဲနီလေး၏ အကောက်ခွန်နှုန်းထားကို ၁၁ % သို့လျှော့ချကောက်ခံခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနအရ ယခုကဲ့သို့ အကောက်ခွန်နှုန်း သုညရာခိုင်နှုန်းသို့ မလျှော့ချမီ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ပဲနီလေးဝယ်ယူသည့်

နိုင်ငံဖြစ်ပြီး၊ ကုန်သွယ်မှုတန်ဖိုးမှာ ဩစတြေးလျ ဒေါ်လာ ၁ ဘီလီယံအထိ ရှိခဲ့ကြောင်းသိရှိရသည်။ ဩစတြေးလျ ကောက်ပဲသီးနှံထုတ်လုပ်သူများအသင်း ပြောခွင့်ရပုဂ္ဂိုလ်က ပဲနီလေး၏ အကောက်ခွန်နှုန်းထားကို သုညရာခိုင်နှုန်း သတ်မှတ်လိုက်ခြင်းက လယ်သမားများအတွက် သတင်းကောင်းဖြစ်ပါကြောင်း၊ သို့သော် အိန္ဒိယသည် စက်တင်ဘာလကုန်တွင် စည်းကြပ်ခွန်ဖယ်ရှားမှုကို ပြန်လည်သုံးသပ်ရန် ကြိုးပမ်းမည်ဖြစ်ပြီး၊ အကောက်ခွန်ပြန်လည်ကောက်ခံနိုင်ကြောင်း သတိပေးခဲ့သည်။

ဩစတြေးလျလယ်သမားများသည် ယခုနှစ်တွင် သီးနှံရိတ်သိမ်းမှု စံချိန်တင်ခဲ့ပြီး၊ ကုန်သွယ်မှုအခြေအနေသစ်မှ အကျိုးအမြတ်ရရှိရန် ပဲနီလေးကို အိန္ဒိယသို့ တင်ပို့ရောင်းချရန် အဆင်သင့်ဖြစ်နေကြောင်း သိရှိရသည်။ ဩစတြေးလျကုန်သွယ်ရေးဝန်ကြီး Dan Tehan သည် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အတွက် စေ့စပ်ညှိနှိုင်းမှု တစ်စိတ်တစ်ပိုင်းအနေဖြင့် အိန္ဒိယနိုင်ငံသို့ သွားရောက်ပြီး ရက်ပိုင်းအကြာတွင် ယခုကဲ့သို့ ပဲနီလေးကို အိန္ဒိယကအခွန်စည်းကြပ်မှုကို လျှော့ချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ကောက်ပဲသီးနှံစိုက်ပျိုးသူများအသင်း၏ အမှုဆောင်အရာရှိချုပ် Dave McKeon က စေ့စပ်ညှိနှိုင်းမှုသည် ဩစတြေးလျလယ်သမားများအတွက် ပိုမိုကောင်းမွန်သော အခြေအနေများရရှိရန် အခွင့်အလမ်းတစ်ခု ဖန်တီးပေးမည်ဟု မျှော်လင့်ပါကြောင်း၊ အနာဂတ်တွင် မလိုလားအပ်သော ကုန်သွယ်မှုအတားအဆီးများကို ရှောင်ရှားနိုင်ရန် ဆန်းသစ်ပြီး ရှေ့ကိုဦးတည်သော ချဉ်းကပ်မှုရှိရန် လိုပါကြောင်း ပြောကြားခဲ့သည်။ ဩစတြေးလျကောက်ပဲသီးနှံစိုက်ပျိုးသူများက အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုသဘောတူညီချက်တွင် အိန္ဒိယနှင့် ကောက်ပဲသီးနှံကုန်သွယ်မှုအတွက် ကုန်သွယ်မှုအစီအစဉ်များကို အလေးပေးဖော်ပြသည့် ကောက်ပဲသီးနှံဆိုင်ရာ နောက်ဆက်တွဲတစ်ခုပါဝင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရသည်။ စိုက်ပျိုးထုတ်လုပ်သူအုပ်စု၏ ပြောကြားချက်အရ အိန္ဒိယသည် ကမ္ဘာ့ဒုတိယအကြီးဆုံး လူဦးရေစာရင်းဝင်နေသော်လည်း လက်ရှိတွင် ဩစတြေးလျနိုင်ငံ ကောက်ပဲသီးနှံရိတ်သိမ်းမှု၏ ၂ % အောက်သာ တင်သွင်းကြောင်း သိရှိရသည်။

Source: www.abc.net.au (စီးပွားရေးသံမှူး-ဩစတြေးလျ)

## အမျိုးသားအမှတ်တံဆိပ်အသစ်နှင့် စာတန်း(Tagline) က ဩစတြေးလျကို ကမ္ဘာ့သို့မြှင့်တင်

ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်ရန်နှင့် ဩစတြေးလျနိုင်ငံ၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို နိုင်ငံရပ်ခြားတွင် ပိုမိုမြှင့်တင်နိုင်ရန် အ




မျိုးသားအမှတ် တံဆိပ်အသစ်နှင့် Tagline အောက်တွင် ဈေးကွက်ရှာဖွေရေးရင်းမြစ်၃၀၀ကျော်ကို ဩစတြေးလျစီးပွားရေးလုပ်ငန်းများအတွက် အခမဲ့ရရှိနိုင်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ ၁၅-၂-၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ဩစတြေးလျနိုင်ငံ၏ အမျိုးသားအမှတ် တံဆိပ်နှင့် Tagline (Australia's Nation Brand and Tagline) သည် ယှဉ်ပြိုင်နိုင်သော နိုင်ငံတကာဈေးကွက်တွင် ဩစတြေးလျနိုင်ငံ၏ အရည်အသွေးမြင့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ ဂုဏ်သတင်းကို ချဲ့ထွင်ရန်နှင့် ကြီးထွားစေရန် ကူညီပေးမည်ဖြစ်ကြောင်း သိရှိရသည်။ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းသည် ဩစတြေးလျကို ကိုယ်စားပြုရန်အတွက် ခိုင်မာပြီး၊ တသမတ်တည်းရှိသော နိုင်ငံအမှတ်တံဆိပ်ကို လိုချင်သောကြောင့် အမျိုးသားအမှတ်တံဆိပ်နှင့် Tagline ကို တီထွင်ခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျအမျိုးသားအမှတ်တံဆိပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်း ခေါင်းဆောင်များပါဝင်သည့် ဩစတြေးလျ အမျိုးသားအမှတ်တံဆိပ် အကြံပေးကောင်စီ (Australia's Nation Brand Advisory Council) မှ ဦးဆောင်ခဲ့ပြီး၊ ကောင်စီကို ဩစတြေးလျနိုင်ငံ၏ ထိပ်တန်းဈေးကွက်ရှာဖွေရေးနှင့် အမှတ်တံဆိပ်ထုတ်လုပ်ရေးဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည့် အမှတ်တံဆိပ်ကျွမ်းကျင်သူလုပ်ငန်းအဖွဲ့မှ ပံ့ပိုးကူညီထားကြောင်း သိရှိရသည်။

ဗဟိုအစိုးရ၊ ပြည်နယ်နှင့် နယ်မြေအစိုးရများအပြင် အကြီးတန်းစက်မှုလုပ်ငန်းကိုယ်စားလှယ် ၄၈၀ ကျော်သည် အမှတ်တံဆိပ်ဖွံ့ဖြိုးတိုးတက်မှုတစ်လျှောက်လုံး ဆွေးနွေးတိုင်ပင်ခဲ့ကြပြီး၊ ဩစတြေးလျနှင့် နိုင်ငံရပ်ခြားရှိ လူပေါင်း ၂၂,၀၀၀ ကျော်သည် ဈေးကွက်စမ်းသပ်မှုတွင် ပါဝင်ခဲ့ကြသည်။ အမျိုးသားအမှတ်တံဆိပ် Logo အသစ်တွင် 'Australia' (ဩစတြေးလျ) ဟူသော စကားလုံးအပေါ်တွင် သားပိုက်ကောင်တစ်ခုပုံ ပါရှိပြီး၊ နိုင်ငံတကာနှင့် ပြည်တွင်းသုတေသနပြုချက်များအရ ဤ Logo သည် ခေတ်မီပြီး၊ စွမ်းရည်ပြည့်ဝသော နိုင်ငံတစ်ခု၏

ကိုယ်စားပြုအဖြစ် သတ်မှတ်ခံထားရသည့်အပြင် စီးပွားရေး နှင့် စက်မှုလုပ်ငန်း၏ ကျောထောက်နောက်ခံပါရှိကြောင်းနှင့် Logo နှင့် တွဲဖက်အသုံးပြုနိုင်သည့် "Only in Australia " (ဩစတြေးလျတွင်သာ) ဟူသော စာတန်းဖြင့် ဖြည့်စွက်ထား ကြောင်းသိရှိရသည်။ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီး Dan Tehan က ခိုင်မာ သော အမှတ်တံဆိပ်တစ်ခုသည် ဩစတြေးလျစီးပွားရေး လုပ် ငန်းများအားလုံး ယင်းတို့၏ ထုတ်ကုန်များကို ရောင်းချနိုင် စေရန်၊ ဒေသတွင်းအလုပ်အကိုင်များနှင့် စီးပွားရေးကို ပံ့ပိုး ကူညီမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ခိုင်မာသော အမျိုး သားအမှတ်တံဆိပ်နှင့် tagline သည် ဩစတြေးလျနိုင်ငံကို နိုင်ငံတကာပြိုင်ဆိုင်မှုရှိသော ရင်းနှီးမြှုပ်နှံရန်နေရာတစ်ခု၊ လည်ပတ်ရန်ကောင်းမွန်သောနေရာတစ်ခု၊ အရည်အသွေးပြည့် ဝသောပညာရေးပံ့ပိုးပေးသူနှင့် အရည်အသွေးမြင့်ကုန်ပစ္စည်း များနှင့် ဝန်ဆောင်မှုများကို ယုံကြည်စိတ်ချရသော တင်ပို့သူ အဖြစ် ဂုဏ်သတင်းများကို အားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးကပြောကြားခဲ့သည်။

အမှတ်တံဆိပ်အကြံပေးကောင်စီဥက္ကဋ္ဌက ခိုင်မာသော အမျိုးသားအမှတ်တံဆိပ်သည် တန်ဖိုးကြီးသော ပိုင်ဆိုင်မှုတစ် ခုဖြစ်ပြီး၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ကာ ပို့ကုန် အတွက် တန်ဖိုးတိုးစေပြီး၊ ခရီးသွားများနှင့် ကျွမ်းကျင်သော ရွှေ့ပြောင်းလုပ်သားများကို သယ်ဆောင်လာနိုင်စေမည်ဖြစ် ကြောင်း၊ ယခုအချိန်သည် ဩစတြေးလျစီးပွားရေးလုပ်ငန်း များ၊ စက်မှုလုပ်ငန်းများနှင့် အစိုးရတို့ အတူတကွပူးပေါင်း ပြီး၊ အားလုံးအတွက် ကမ်းလှမ်းမှုမြင့်တင်ရန် အချိန်ဖြစ် ကြောင်း၊ ပိုမိုချိတ်ဆက်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတကာ ဈေးကွက်တွင် ထူးခြားသော ဩစတြေးလျဇာတ်ကောင်ကို စုစည်းပြီး၊ ခိုင်မာသော အမျိုးသားအမှတ်တံဆိပ်ဖြင့် ထုတ် ပိုးခြင်းနှင့် "Only in Australia" ဟူသော စာတန်းသည် အ ရည်အသွေး၊ တီထွင်ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုတို့အတွက် ဩစတြေးလျ၏ဂုဏ်သတင်းကို ချဲ့ထွင်စေနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Source: www.trademinister.gov.au (စီးပွားရေးသံမှူး-ဩစတြေးလျ)

## ကတိကဝတ်ပြုထားသည့်အတိုင်း အကောင်အထည် ဖော်နိုင်ရန် ပြည်တွင်း သကြားထုတ်လုပ်သူများမှ တောင်အာဖရိကအစိုးရထံ တောင်းဆို

တောင်အာဖရိကနိုင်ငံသမ္မတ Ramaphosa က ယခု နှစ် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားရာ၌ အစိုးရဌာနများ



နှင့်နိုင်ငံအဆင့်အဖွဲ့အစည်းများအနေဖြင့် တောင်အာဖရိက နိုင်ငံ ကြံတန်ဖိုးမြှင့်ကွင်းဆက်အထူးစီမံချက် (The South African Sugarcane Value Chain Masterplan) တွင် ကတိ ကဝတ်ပြုထားသည့်အတိုင်း ပြည်တွင်းထုတ်သကြားများ ဝယ် ယူရေးကို အကောင်အထည်ဖော်နိုင်ရန် ကြေညာခဲ့ခြင်းသည် တောင်အာဖရိက သကြားထုတ်လုပ်သူများ အတွက်လွန်စွာ အရေးကြီးသည်ကို ကြံစိုက်ပျိုးထုတ်လုပ်သူများအဖွဲ့ ဥက္ကဋ္ဌ Andre Russell ကပြောကြားခဲ့ကြောင်း၊ သမ္မတအနေဖြင့် ယခင်နှစ်တွင်လည်းအစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းများ အား ပြည်တွင်းသကြားများ ဝယ်ယူရေးတွန်းအားပေးခဲ့ကြောင်း၊ သို့သော် အဆိုပါကတိကဝတ်ပြုမှုအား ပုဂ္ဂလိကကဏ္ဍက ပြည်တွင်းသကြားလုပ်ငန်းကို အထောက်အကူပြုစေရန် အ ကောင်အထည်ဖော်ပေးနိုင်ခဲ့သော်လည်း အစိုးရကဏ္ဍများအ နေဖြင့် လက်တွေ့တွင်အကောင်အထည် ဖော်နိုင်ခြင်းမရှိ ကြောင်းသိရှိရပါသည်။ တောင်အာဖရိကနိုင်ငံ ကြံစိုက်ပျိုးသူ များအသင်းက သမ္မတ၏စီးပွားရေး ပြန်လည်နာလန်ထူလာ စေရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်ရေး ကို ဆောင်ရွက်နိုင်ရန် ကြံတန်ဖိုးမြှင့်ကွင်းဆက် အထူးစီမံကိန်း ကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ ထိုသို့အကောင်အထည်ဖော်နိုင်ရန် Masterplan တွင် ပါဝင် လက်မှတ်ထိုးထားသည့် အဖွဲ့အစည်းအားလုံးမှ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊အထူးစီမံကိန်းပါ ကတိကဝတ်များကို အကောင် အထည်ဖော်ခြင်းသည် ပြည်ပမှ သကြားတင်သွင်းမှုကြောင့် ပြည်တွင်းစီးပွားရေးနှင့် အလုပ်အကိုင်များကိုခြိမ်းခြောက်နေ ခြင်းအား ဖြေရှင်းနိုင်ရန်ဖြစ်ကြောင်း၊ အထူးစီမံကိန်း၌ ကတိ ကဝတ်ပြုမှုအရ အကောင်အထည်ဖော်သည့် ပထမနှစ်တွင် ပြည်တွင်းထုတ်သကြား ၁၅၀,၀၀၀ တန်ဝယ်ယူသုံးစွဲနိုင်ရေး နှင့် ဒုတိယနှစ်တွင် တန်ချိန် ၃၀၀,၀၀၀ အထိ ဝယ်ယူသုံးစွဲ နိုင်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါရည်မှန်းချက်ပြည့်မီရန် Masterplan က လက်လီရောင်းချသူများ၊ လက္ကားရောင်းချသူများနှင့် စက်မှု

လုပ်ငန်းဆိုင်ရာ အသုံးပြုသူများအား ပြည်တွင်းထုတ်သကြားကို ၈၀ ရာခိုင်နှုန်းဝယ်ယူရေးနှင့် တတိယနှစ်တွင် ၉၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ဝယ်ယူရန်ဖြစ်ကြောင်း၊ တောင်အာဖရိက ကြံစိုက်ပျိုးသူများက ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် စားသုံးသူများအနေဖြင့် ပြည်တွင်းသကြားများ ဝယ်ယူရေးအတွက် “Home Sweet Home” ခေါင်းစဉ်ဖြင့်လှုံ့ဆော်စည်းရုံးမှုတစ်ခုကိုပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်မှုကြောင့် ပထမနှစ် ပြည်တွင်းသကြားဝယ်ယူသုံးစွဲနိုင်မှုသည် တန်ချိန် ၂၀၀,၀၀၀ အထိ ရှိခဲ့သည့်အတွက် Masterplan ၏ ပထမနှစ်ရည်မှန်းချက်ကို ကျော်လွန်ပြည့်မီခဲ့ကြောင်း၊ ထို့ကြောင့် ယခုအခါတတိယနှစ် ရည်မှန်းချက်ကို ပြည့်မီအောင် ကြိုးစားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ အကောင်အထည်ဖော်နိုင်ရန် သမ္မတအနေဖြင့် အစိုးရကကတိကဝတ်ပြုထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်ရေး သေချာစေရန် လုပ်ဆောင်ရန်လိုအပ်ကြောင်း ကြံအသင်းဥက္ကဋ္ဌက ပြောကြားထားကြောင်း သိရှိရပါသည်။

Source: https://www.engineeringnews.co.za/article/sugar-organisation-calls-on-government-to-honour-local-commitments-2022-02-09/rep_id:4136 (စီးပွားရေးသံမှူး- တောင်အာဖရိက)

## တောင်အာဖရိကနိုင်ငံ၏ အမျိုးသားအဆင့် အနည်းဆုံး လုပ်ခလစာသတ်မှတ်ပေးမှုသည် နိုင်ငံ၏အလုပ်အကိုင်လုံခြုံမှုကိုခြိမ်းခြောက်နေ



တောင်အာဖရိကနိုင်ငံ၏ အမျိုးသာအဆင့် အနည်းဆုံး လုပ်ခလစာ (National Minimum Wage - NMW) ထုတ်ပြန်မှုသည် အလုပ်ရှင်များအတွက် အကျပ်အတည်းနှင့် ကြုံတွေ့နေရကြောင်း၊ ထိုသို့သတ်မှတ်မှုသည် ၆.၉ ရာခိုင်နှုန်းတိုးမြှင့်ခဲ့သည့်အတွက် နိုင်ငံ၏အလုပ်အကိုင် လုံခြုံမှုကိုခြိမ်းခြောက်နေကြောင်း၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး Thulas Nxesi ကကြေညာရာတွင် မူရင်းတစ်နာရီလုပ်အားခအား ယခင်ရန်း ၂၁.၆၉ ပေးနေရာမှ ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်နေ့မှစ၍ တစ်နာရီ ရန်း ၂၃.၁၉ ရန်း တိုးမြှင့်ပေးဆောင်ရန်ဖြစ်ကြောင်းသိရှိရပါသည်။ ထိုသို့ကြေညာချက်တွင် အလုပ်ရှင်များအနေဖြင့် အနည်းဆုံးလုပ်ခလစာပေးမှုကို အကောင်အထည်ဖော်နိုင်ရန် တရားမဝင် အလုပ်လုပ်ချိန် ပြောင်းလဲခြင်းမပြုလုပ်ရန်နှင့် တရားမျှတမှုမရှိသည့် အလုပ်လုပ်ကိုင်နိုင်ရေး လုပ်ငန်းစဉ်များကိုလည်း ကျင့်သုံးမှုမပြုရန် ဖြစ်ကြောင်း၊ အနည်းဆုံးလုပ်ခလစာ သတ်မှတ်မှုနှုန်းတွင် ထောက်ပံ့ကြေးများဖြစ်သော ပို့ဆောင်ရေး၊ အစားအစာ၊ အပိုကြေးပေးခြင်းနှင့် လက်ဆောင်ပေးခြင်းများ ပါဝင်မှုမရှိကြောင်း သိရှိရပါသည်။ စီးပွားရေးသုတေသနဆောင်ရွက်သူ Theuns du Buisson က နိုင်ငံ၏စီးပွားရေးအား ကိုဗစ်ရောဂါဖြစ်ပွား၍ တင်းကြပ်သည့် lockdown ချမှတ်မှုများဆောင်ရွက်ရမှုကြောင့် ထိခိုက်သွားသော စီးပွားရေးအခြေအနေအား ပြန်လည်ကောင်းမွန်အောင်ကြိုးစားနေချိန်တွင် အစိုးရက ငွေကြေးဖောင်းပွမှုဖြစ်ပေါ်မှုနှုန်းထက်မြင့်တက်သော အမျိုးသားအဆင့် လုပ်ခလစာမြှင့်တင်ခြင်းသည် အချိန်မဟုတ်သေးကြောင်း၊ အနည်းဆုံးလုပ်ခလစာတိုးမြှင့်ခြင်း၏နောက်ဆက်တွဲသည် တရားမဝင်အလုပ်အကိုင်အလေ့အကျင့်များ ကျင့်သုံးမှုတိုးမြှင့်လာနိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် တောင်အာဖရိကနိုင်ငံသားများကို တရားဝင်အလုပ်လုပ်ကိုင်စေခြင်းသည် စရိတ်ကြီးမြင့်ခြင်းကို ဖြစ်ပေါ်စေသည့်အတွက် လုပ်ခံနှုန်းထား သက်သာစွာဖြင့် ခိုင်းစေနိုင်သည့် တရားမဝင် ဝင်ရောက်လာသော လုပ်သားများကို ပိုမိုခိုင်းစေရန်အခြေအနေသို့ တွန်းပို့သကဲ့သို့ ဖြစ်ကြောင်း သိရှိရပါသည်။ တောင်အာဖရိက စိုက်ပျိုးရေးကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Christo van der Rheede က လယ်သမားအတွက် လုပ်ခလစာတိုးမြှင့်လာခြင်းသည် ထုတ်လုပ်မှုအတွက် ကုန်ကျစရိတ် ကြီးမြင့်နေခြင်းနှင့်အတူ တိုးမြှင့်ခြင်းဖြစ်သည့်အတွက် အကျိုးအမြတ်များစွာ ရရှိနိုင်ခြေနည်းပါးလာနိုင်ကြောင်း၊ အစိုးရအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး အကျိုးအမြတ်ရရှိနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းပတ်ဝန်းကျင်အား ဖန်တီးပေးနိုင်ခြင်းမရှိပါက အလုပ်လက်မဲ့မှုနှုန်းနှင့် အစားအစာဖူလုံမှုမရှိခြင်းကို ပိုမိုဖြစ်ပေါ်စေနိုင်မည် ဖြစ်ကြောင်း ပြောကြားထားသည်ကို သိရှိရပါသည်။

Source: https://www.iol.co.za/business-report/economy/new-national-minimu m-wage-could-threaten-job-security-in-the-country-e7dc1f39-b6c5-4902-bdb9-de14a6156d10 (စီးပွားရေးသံမှူး- တောင်အာဖရိက)

## ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံအကြား တင်းမာမှုကြောင့် တောင်အာဖရိကနိုင်ငံ၏ စက်သုံးဆီနှင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်နိုင်



ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ဒေသတွင်းနိုင်ငံရေးတင်းမာမှုကြောင့် တောင်အာဖရိကနိုင်ငံ၏ ငွေကြေးဈေးကွက်အပေါ် သက်ရောက်မှုရှိပြီး စက်သုံးဆီနှင့် ကုန်စည်ဈေးနှုန်းများမြင့်တက်ခဲ့ကြောင်း၊ စက်သုံးဆီကြမ်းသည် ရှစ်နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း၊ စက်သုံးဆီကြမ်းဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၆.၁၆ (ရန်း ၁၄၅၄.၅၆) အထိမြင့်တက်ခဲ့ကြောင်း၊ ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတင်းမာမှုသည် စက်ဆီထုတ်လုပ်နိုင်မှုကို ထိခိုက်စေနိုင်ကြောင်း၊ အမေရိကန်နိုင်ငံက ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံအပေါ် ကျူးကျော်သိမ်းပိုက်နိုင်ခြေရှိသဖြင့် ၎င်းတို့၏သံတမန်များနှင့် နိုင်ငံသားများအား ယူကရိန်းနိုင်ငံမှ အမြန်ဆုံးထွက်ခွာကြရန် ထုတ်ပြန်မှုသည် ငွေကြေးရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဆုံးရှုံးမှုလျော့နည်းစေသည့် ရွှေ့ပြောင်းရင်းနှီးမြှုပ်နှံမှုများကိုဆောင်ရွက်ခဲ့ကြကြောင်းသိရှိရပါသည်။ စက်သုံးဆီရောင်းချနိုင်မှုစိန်ခေါ်မှုများသည်လည်း စက်သုံးဆီတင်သွင်းနေရသည့် တောင်အာဖရိကနိုင်ငံအပေါ် ထိခိုက်နိုင်ကြောင်း၊ စက်သုံးဆီဈေးနှုန်းသည် တစ်လီတာလျှင် ရန်း ၂၀ ကျော်အထိ မြင့်တက်ခဲ့ပြီး ကုန်ဈေးနှုန်းမြင့်တက်မှုသည်လည်း ပျမ်းမျှနှုန်း ၆ ရာခိုင်နှုန်းထက် မြင့်တက်ခဲ့ကြောင်း၊ ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအားကျူးကျော်သိမ်းပိုက်မှုသည် အနာဂတ်တွင် နိုင်ငံတကာတားမြစ်မှုပြစ်ဒဏ်များ ချမှတ်နိုင်သဖြင့် ဒေသတွင်းစွမ်းအင်ထုတ်လုပ်ရောင်းချမှုကို အဟန့်အတားဖြစ်စေနိုင်ပြီး စက်သုံးဆီ တင်ပို့ရောင်းချသောနိုင်ငံများအဖွဲ့ (OPEC) အဖွဲ့ဝင်နိုင်ငံတို့အား ရည်မှန်းချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး အခက်အခဲဖြစ်နိုင်ကြောင်း၊ ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအပေါ်ကျူးကျော်ခဲ့ပါက အနောက်နိုင်ငံများက ရုရှားနိုင်ငံအပေါ်ပိတ်ပင်မှုများ ဆောင်ရွက်နိုင်မှုကြောင့် ရုရှားနိုင်ငံ၏ စက်သုံးဆီနှင့် ဂတ်စ်ထုတ်လုပ်မှုကိုများစွာ အကန့်အသတ်ဖြစ်စေနိုင်သည့်အတွက် စက်သုံးဆီဈေးနှုန်းအား တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ကျော်သို့ မြင့်တက်နိုင်ရန် တွန်းပို့နိုင်ကြောင်း ActivTrades မှ အတွေ့အကြုံရင့် သုတေသနပြုသူ Ricardo Evangelist က သုံးသပ်ထားသည်ကို သိရှိရပါသည်။ သို့သော် တောင်အာဖရိကနိုင်ငံ၏ ငွေကြေးရန်းသည် ဒေသတွင်းနိုင်ငံရေးတင်းမာမှုအနေဖြင့် ငွေကြေးဈေးကွက်ကို ထိခိုက်စေသော်လည်း အခြားဖွံ့ဖြိုးဆဲနိုင်ငံများ၏ ငွေကြေးနှင့်နှိုင်းယှဉ်လျှင် ခိုင်မာလျက်ရှိကြောင်းသိရှိရပါသည်။

Source: https://www.iol.co.za/business-report/markets/commodities/oil-and-commodity-prices-edge-higher-as-risk-aversion-grips-financial-mar kets-on-ukraine-russia-tensions-da5309e3-59a6-4e51-8e13-bad2cec 436b4

(စီးပွားရေးသံမှူး- တောင်အာဖရိက)

## တောင်အာဖရိကနိုင်ငံ၌ မတ်လအတွင်း စက်သုံးဆီဈေးနှုန်း အမြင့်ဆုံးသို့ရောက်ရှိပြီး တစ်လီတာလျှင် ရန်း ၂၁ ကျော်အထိရောက်ရှိနိုင်

ဗဟိုစွမ်းအင်ရန်ပုံငွေအဖွဲ့၏ ထုတ်ပြန်ချက်အရ ဓါတ်ဆီဈေးနှုန်းသည် လက်ရှိတွင် တစ်လီတာလျှင် ရန်း ၁.၂၅ နှင့် ဒီဇယ်ဆီသည် တစ်လီတာလျှင် ရန်း ၁.၂၉ စီ ပိုမိုမြင့်တက်လျက်ရှိကြောင်း၊ လက်ရှိကာလခန့်မှန်းချက်အရ 95 အောက်တိန်းစက်သုံးဆီသည် မတ်လပထမပတ်အတွင်း တစ်လီတာလျှင် ရန်း ၂၁.၃၉ အထိမြင့်တက်နိုင်ပြီး 93 အောက်တိန်းသည် တစ်လီတာလျှင် ၂၁.၁၃ အထိမြင့်တက်နိုင်ကြောင်း ခန့်မှန်းထားသည်ကို သိရှိရပါသည်။ တောင်အာဖရိကနိုင်ငံသည် စက်သုံးဆီအား အမေရိကန်ဒေါ်လာဖြင့်ဝယ်ယူနေရသည့်အတွက် တောင်အာဖရိကနိုင်ငံ၏ ငွေကြေး ရန်းနှင့် အမေရိကန်ဒေါ်လာတန်ဖိုး ပြောင်းလဲမှုအပေါ်တွင် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများသည် များစွာမူတည်နေကြောင်း၊ လက်ရှိကာလအတွင်း တောင်အာဖရိကနိုင်ငံ၏ ငွေကြေးသည် တစ်ဒေါ်လာလျှင် ရန်း ၁၅ နှုန်းဖြင့် ခိုင်မာလျက်ရှိသော်လည်း စက်သုံးဆီဈေးနှုန်းများသည် မြင့်တက်လျက်ရှိကြောင်း၊ စက်သုံးဆီကြမ်းသည် တစ်စည်လျှင် ယခင်နှစ်တွင် အမေရိကန်ဒေါ်လာ ၆၀ ပတ်ဝန်းကျင်သာရှိခဲ့သော်လည်း ယခုအခါ တစ်စည်လျှင်အမေရိကန်ဒေါ်လာ ၉၀ ကျော်ဖြင့် အရောင်းအဝယ်



ဆောင်ရွက်နေရကြောင်း သိရှိရပါသည်။ နိုင်ငံများ၏စီးပွားရေးသည် ကိုဗစ်ရောဂါကူးစက်ပြန့်ပွားမှုဖြစ်ပေါ်ပြီး ပြန်လည်နာလန်ထူလာချိန်တွင် စက်သုံးဆီလိုအပ်ချက်များစွာ ဖြစ်ပေါ်လျှက်ရှိကြောင်း၊ သို့သော်တစ်ချိန်တည်းမှာပင် ကုန်စည်ပို့ဆောင်မှုဝန်ဆောင်မှုဆိုင်ရာနှင့် စက်သုံးဆီထုတ်လုပ်မှုတွင် အခက်အခဲများဖြစ်ပေါ်မှုကြောင့် စက်သုံးဆီရရှိမှုအကန့်အသတ် ဖြစ်ပေါ်လျှက်ရှိကြောင်း၊ မတ်လအတွင်း 95 အောက်တိန်းစက်သုံးဆီသည် တစ်လီတာလျှင် ရန်း ၂၁.၃၉ အထိမြင့်တက်ခဲ့ပါက ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၃၁ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ဒီဇယ်ဆီအနေဖြင့် ၂၀၂၁ ခုနှစ်မတ်လတွင် တစ်လီတာလျှင် ၁၄.၁၂ သာရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ရန်း ၁၉.၃၃ အထိရောက်ရှိလာခြင်းသည် ရာခိုင်နှုန်းအားဖြင့် ၃၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ Efficient Group မှ စီးပွားရေးပညာရှင် Dawie Roodt က အဆိုပါ စက်သုံးဆီဈေးနှုန်း မြင့်တက်နိုင်မှုခန့်မှန်းချက်သည် စားသုံးသူများအပေါ် ဝန်ထုပ်ဝန်ပိုး ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးဝန်ကြီးအနေဖြင့်လာမည်အပတ် ဘဏ္ဍာရေးဆိုင်ရာ မိန့်ခွန်းပြောကြားမှုတွင် အထွေထွေ စက်သုံးဆီနှင့် လမ်းမအပေါ်၌ထိခိုက်မှု ဖြစ်ပေါ်မှုအပေါ် ကောက်ခံသည့်အခွန်အခတို့အား တိုးမြှင့်ခြင်းမပြုရန် တောင်းဆိုလိုကြောင်း ပြောကြားထားသည်ကို သိရှိရပါသည်။

Source: https://www.news24.com/fin24/economy/big-fuel-price-hikes-expect ed-for-march-could-push-petrol-above-r21litre-20220218

## သတင်းများ

| | | |
|---|---|---|
| **Korea** | - | ၄ |
| **South Africa** | - | ၄ |
| **India** | - | ၃ |
| **China (Nanning)** | - | ၃ |
| **Belgium** | - | ၃ |
| **China (Hong Kong)** | - | ၃ |
| **Japan** | - | ၃ |
| **Singapore** | - | ၂ |
| **China (Kumning)** | - | ၂ |
| **China (Beijing)** | - | ၂ |
| **Brazil** | - | ၂ |
| **Australia** | - | ၂ |
| **Germany** | - | ၂ |
| **USA** | - | ၁ |
| **Thailand** | - | ၁ |